# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၀၀)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ ၂၂-၆-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ တစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၄)သို့ တက်ရောက်အမှာစကား ပြောကြား

**နေပြည်တော် ဇွန် ၂၁**

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့ အစည်းအဝေးကို ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းများကို အခြားနိုင်ငံများနည်းတူ ထိထိရောက်ရောက်နှင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်အဖြေရှာနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၁ ဒသမ ၃ ဘီလီယံ ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံအထိ ရရှိခဲ့သည်ဟု ခန့်မှန်းထားသည့်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းများအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကိုဗစ်-၁၉ မတိုင်မီ အခြေအနေထက် ကျော်လွန်သွားမည့် အလားအလာများကို မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ ထိုသို့ ရလဒ်ကောင်းများ ထွက်ပေါ်စေသည့် အဓိကအကြောင်းအချက်များမှာ ပြင်းပြသည့် ခရီးသွားလိုအား (travel demand) ဆက်လက်တိုးတက်ဖြစ်ပေါ်နေမှု၊ လေကြောင်းဆက်သွယ်ရေး ပိုမိုတိုးတက်လာမှုနှင့် ဗီဇာအစရှိသည့် ဝင်/ထွက်သွားလာမှု လွယ်ကူချောမွေ့စေရန် ဖြေလျှော့ပေးမှုများကြောင့်ဟု သိရှိရပါကြောင်း။

**လေးဆခွဲတိုးတက်ခဲ့**

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာ ခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် ၁ ဒသမ ၂၈ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဝင်ရောက်ခဲ့သည့် နှစ်သိန်းသုံးသောင်းကျော်နှင့် နှိုင်းယှဉ်ပါက လေးဆခွဲ တိုးတက်ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ (ပထမ ငါးလအတွင်း)ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုသည် ငါးသိန်းနှစ်သောင်းခန့် ဝင်ရောက်ခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလအတွင်း ခရီးသွားဧည့်သည်

စာမျက်နှာ ၃ သို့ ⌘

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

(၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့ ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ အညွှန်း


ရေသွင်းစိုက်ပျိုးထွက်ရှိလာသည့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိကာ အရောင်းသွက် စာမျက်နှာ ၁၂

Green Energy Expo 2024 ကျင်းပမည် စာမျက်နှာ ၁၃

၂၀၂၄ ခုနှစ်၊ ဇွန် ၂၂ ရက်၊ စနေနေ့။

မန္တလေး

## စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်တွင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန်၊ လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက် ရေးဟူသော လူမှုရေးဦးတည်ချက်နှင့်အညီ နေပြည်တော် ကောင်စီအနေဖြင့် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မူဝါဒဖြစ်သည့် စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စများကို တစ်ဆက်တည်းလုပ်ဆောင်သွားရန် လိုအပ်လာသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် "မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ" ကို ဖွဲ့စည်းပေးခဲ့သလို နေပြည်တော်အနေဖြင့် နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီကိုဖွဲ့စည်းထားပြီး ခရိုင်၊ မြို့နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ကြောင်း၊ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီအနေဖြင့် ဗဟိုကချမှတ်ထားသော လုပ်ငန်းစဉ်(၄)ရပ်ဖြစ်သည့် ရပ်နားထားသည့် စာကြည့်တိုက်များအား ပြန်လည်ဖွင့်လှစ်မည့် လုပ်ငန်းစဉ်၊ စာကြည့်တိုက်အသစ်များ တည်ထောင်ဖွင့်လှစ် မည့် လုပ်ငန်းစဉ်၊ ပြည်သူများ စာပေဖတ်ရှုလေ့လာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများဆောင်ရွက်မည့် လုပ်ငန်းစဉ်၊ စာအုပ်စာစောင်များဖြန့်ဝေမည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ ပြောကြားခဲ့သည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အတိုင်း စာမတတ်သူက ထိုင်နေတဲ့သူနှင့်တူပြီး စာတတ်ပြီးစာမဖတ်သည့်သူဟာ ရပ်နေတဲ့လူနှင့်တူကာ စာတတ်ပြီး စာဖတ်သည့်သူမှာ လမ်းလျှောက်နေသည့်သူနှင့်တူသဖြင့် စာပေဖတ်ရှုလေ့လာမှုက ဘဝအတွက် အလွန်အရေးကြီးသည့် အချက်တစ်ချက်လည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ငယ်ရွယ်စဉ်ကတည်းက စာပေဖတ်ရှုလေ့လာမှု အလေ့အကျင့်ကောင်းကို ပြုစုပျိုးထောင် ထားကြရမှာဖြစ်ပါကြောင်း၊ စာတတ်ရုံ၊ အသိပညာပြည့်ဝရုံ သာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝပြီး ဗလငါးတန်ပြည့်ဝသည့် လူငယ်များ ပေါ်ထွက်လာစေရေး တာဝန်ရှိသူများနှင့် မိဘများ၊ ဆရာ၊ ဆရာမများက ကြိုးစား ဆောင်ရွက်ပေးကြရန်နှင့် ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို အခြေခံပညာ၊ အဆင့်မြင့်ပညာကျောင်းများတွင် စဉ်ဆက်မပြတ်ကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ပညာသင်ယူခြင်းသည် နိုင်ငံ၏ အနာဂတ်အတွက် မရှိမဖြစ်အရေးပါသည့် လူ့စွမ်းအားအရင်းအမြစ် ပျိုးထောင်ခြင်းဖြစ်၍ လူငယ်များအပါအဝင် ပြည်သူများစာဖတ်ကြရန်နှင့် စာပေလေ့လာဖတ်ရှုနိုင်မည့် ပတ်ဝန်းကျင်များ ဖန်တီးပေးရန် အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာဖြစ်သည့် တက္ကသိုလ်များကို အခြေခံ၍ ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များ ကျင်းပခြင်းဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## (၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်အခမ်းအနား မန္တလာသီရိအားကစားကွင်းတွင် ကျင်းပ




**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၏ အစီအစဉ်ဖြင့် မန္တလေးမြို့တွင် ကျင်းပသည့် (၁၀)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ၊ မန္တလာသီရိအားကစားကွင်း၊ Multipur Posestadium တွင် ကျင်းပရာ လူဦးရေ ၆၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြသည်။ **(ယာပုံ)**

အခမ်းအနားတွင် မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E.Mr.Sundeep Kaushal က အပြည်ပြည်ဆိုင်ရာ ယောဂနေ့နှင့် ပတ်သက်၍ အဖွင့်စကားပြောကြားဖွင့်လှစ်ပေးပြီး အိန္ဒိယကောင်စစ်ဝန်ချုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက နည်းပြများနှင့်အတူ ယောဂကျင့်စဉ်ကို အတူတကွ လေ့ကျင့်ခဲ့ကြကြောင်းနှင့် အပြည်ပြည်ဆိုင်ရာယောဂနေ့အထိမ်းအမှတ်အခမ်းအနားများကို မြန်မာနိုင်ငံတစ်ဝန်းတွင်လည်း ကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်း

**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အတွင်းရှိ ချောင်းကြီး၊ မြောင်းကြီးများ ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ အဖွဲ့ခေါင်းဆောင်နှင့် သန့်ရှင်းရေးဌာန၊ ရေနှင့် သန့်ရှင်းမှုဌာန၊ စည်ပင်သာယာမြို့နယ်အုပ်ချုပ်ရေးမှူးများပါဝင်သည့်အဖွဲ့သည် သက်ဆိုင်ရာဌာနများမှ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

**(အောက်ပုံ)**

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က အောင်မြေသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် အမရဌာနီအနောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၂ လမ်းမြောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၇၆ လမ်းနှင့် ၇၇ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ရေနီမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၇ လမ်းနှင့် ၁၉ လမ်းကြားတွင် တပ်ဆင်ထားသည့် အမှိုက်စစ်ဆန်ခါများမှ ဒိုက်နှင့် အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၁၅ လမ်းနှင့် ၁၇ လမ်းကြား မြောင်းအတွင်းမှ အမှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်းနှင့် အနိပ်တော်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၂၁ လမ်း ချမ်းမြေ့အောင်လမ်းတောင်ဘက်မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက် အသုံးပြု၍ လမ်း ၆၀ နှင့် ၆၂ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ကန်ကောက်ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၆A လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၄ လမ်းနှင့် ၃၅ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် မောရဂီဝါရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၇၆ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ လမ်း ၃၀ နှင့် ၃၁ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် ငွေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၈ လမ်းနှင့် ၃၁ လမ်း တံတားထိပ်မြောင်းအတွင်းမှ မှိုက်နှင့် ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

မဟာအောင်မြေမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ၇၉ လမ်း အနောက်ဘက်ခြမ်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၃၆ လမ်းနှင့် ၃၇ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းမြသာစည်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် မြို့သစ်(၁)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၆၃ လမ်းအရှေ့ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို လုပ်သားများက ၁၀၆ လမ်းနှင့် ၁၀၇ လမ်းကြား ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

ပြည်ကြီးတံခွန်မြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် (ဈ)ရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးအတွက် ၅၆B လမ်းအနောက်ဘက်ခြမ်းမြောင်းအတွင်းမှ အမှိုက်နှင့် မြောင်းစာများကို E-35 ဘက်ဟိုးစက်အသုံးပြု၍ ၁၃၅ လမ်းနှင့် ၁၃၆ လမ်းကြား ဆယ်ယူရှင်းလင်းခြင်းနှင့် မြေသားမြောင်းတူးဖော်ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အလိုက် ဆယ်ယူထားသည့် အမှိုက်နှင့် မြောင်းစာများကို မော်တော်ယာဉ်များဖြင့် သိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀

၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊

အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၃၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တီဟီရန်မြို့၌ ကျင်းပမည့် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ) အဖွဲ့ဝင်နိုင်ငံများ၏ (၁၉)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ထွက်ခွာ



နေပြည်တော် ဇွန် ၂၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင် သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ တီဟီရန်မြို့၌ ကျင်းပမည့် အာရှပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ) အဖွဲ့ဝင်နိုင်ငံများ၏ (၁၉) ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

## မိုင်းရှူးမြို့မဈေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

**မိုင်းရှူး ဇွန် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့တွင် မြို့မဈေး ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက အမှတ်(၂)ရပ်ကွက် မြို့မဈေး သမဝါယမအသင်းရုံးခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

အဆိုပါ အစည်းအဝေးတွင် သဘာပတိ ဦးဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝင်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှင်းတမ်းများဖတ်ကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော အသင်းသား၊ အသင်းသူများ၏ သား၊ သမီးများအား တာဝန်ရှိသူများက ပညာရည်ချွန်ဆုချီးမြှင့်ခဲ့သည်။ ယင်းနောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် စုဆောင်းငွေကျပ် ၂၉၁၁ သိန်းရှိပြီး စုဆောင်းငွေပေါ်အတိုးနှင့် အစုပေါ်အမြတ်ငွေကို တာဝန်ရှိသူများက အသင်းသား ၂၆၂ ဦးထံ ပေးအပ်သည်။

အဆိုပါ အခမ်းအနားတွင် သမဝါယမဦးစီးဌာန ဝန်ထမ်းများ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အသင်းသား၊ အသင်းသူ ၁၆၂ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ

**ဒ် ရှေ့ဖုံးမှ**

တစ်သောင်းကျော်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၆၃ ရာခိုင်နှုန်းအထိ သိသိသာသာ တိုးတက်လာခဲ့ပါကြောင်း၊ အဆိုပါတိုးတက်မှု အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကိုဗစ်-၁၉မတိုင်မီ ဝင်ရောက်ခဲ့သည့် ခရီးသွားဧည့်သည် အရေအတွက်ကို ပြန်လည်ပြည့်မီရေးအဘက်ဘက်က ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရေးနှင့် ခရီးစဉ်ဒေသများအလိုက် ကောင်းမွန်သည့် ဝန်ဆောင်မှုများကို အဆင့်အတန်းမြင့်မားတိုးတက်လာစေရန်အတွက် ခရီးစဉ်ဒေသများတွင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ဦးစားပေးဒေသအလိုက် ကျင်းပပြုလုပ်ပေးနေသည်ဟု သိရှိရပါကြောင်း၊ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများမှ ဖော်ထုတ်ရရှိချက်များအနက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များဖြင့် ညှိနှိုင်းပေါင်းစပ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းလိုပါကြောင်း၊ ကျန်တိုင်းဒေသကြီးပြည်နယ်များတွင်လည်း အလားတူအလုပ်ရုံဆွေးနွေးပွဲများကို အချိန်အခါအလိုက် အခွင့်လျှင်းသင့်သလို ဆက်လက်ကျင်းပပြီး ခရီးစဉ်ဒေသများ စနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

### ကြိုတင်ပြင်ဆင်

မြန်မာနိုင်ငံအနေဖြင့် လာမည့် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ နေပြည်တော်တွင် ပဋ္ဌမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ရည်ရွယ်ချက်ကောင်းများစွာဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် အားလုံးအဆင့်မီမီ အင်ပြည့်အားပြည့် ပါဝင်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ နိုင်ငံအဆင့်ပွဲတော်ကြီးဆောင်ရွက်မည့်ကိစ္စရပ်ကို ဗဟိုကော်မတီဝင်များက သိရှိမှတ်သားပြီး လိုအပ်သည့် အစီအမံများဆောင်ရွက်သွားရေး၊ ပြည်တွင်းပြည်ပ အားကစားသမားများ၊ ခရီးသွားဧည့်သည်များ ကြိုတင်သိရှိစေရန် မြှင့်တင်ကြော်ငြာရေးနှင့် လာရောက်ကြည့်ရှုအားပေးရန် ဖိတ်ခေါ်ရေးတို့ကို မျှော်မှန်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးတက်များပြားလာစေရေးအတွက် ဈေးကွက်ရှာဖွေမြှင့်တင်ရေး နည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ခရီးသွားမြှင့်တင်ရေးကို ထိရောက်စွာ အသုံးချရန်၊ ခရီးသွားဧည့်သည်များ ငွေပေးချေမှုတွင် Online အသုံးပြုပြီး Cashless Payment စနစ်များဖြင့် ဆောင်ရွက်နိုင်ရန်၊ MSMEs လုပ်ငန်းများအပါအဝင် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ဝန်ဆောင်မှုလုပ်ငန်းများတွင် Ease of Doing Business လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ လွယ်ကူအဆင်ပြေစေရန်ကိုလည်း ကာလရှည်ရည်မှန်းချက်တစ်ခုအဖြစ် ချမှတ်ဆောင်ရွက်သွားရန်၊ ဒေသထွက်အစားအသောက်များနှင့် တိုင်းရင်းသားရိုးရာအစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိပြီး အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဒေသခံများနှင့် လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ လက်ရှိတွင် အဓိကခရီးစဉ်ဒေသများကို ဝင်/ထွက်သွားလာရာတွင် အချက်အချာကျသည့် ကျိုင်းတုံ၊ ပုသိမ်၊ တာချီလိတ် စသည့်မြို့များရှိ လေဆိပ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများမှ တစ်ဆင့် လေကြောင်းခရီးစဉ်ဖြင့် ပြည်ပခရီးသွားများ ဝင်ရောက်လာနိုင်ရေး၊ ခရီးသွားအေဂျင်စီများ အပါအဝင် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ခရီးသည်ပိုမိုလာရောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ အဓိကခရီးသွားဈေးကွက်ဝင်နိုင်ငံများနှင့် အလားအလာရှိသည့် နိုင်ငံများမှ ခရီးသွားဧည့်သည်များ ပိုမိုရရှိရန် ပြည်ဝင်ဗီဇာလွယ်ကူရေးလုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် မိမိတို့၏ ဗဟိုကော်မတီအနေဖြင့် မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားဧည့်သည်များအကြားတွင် နိုင်ငံတကာခရီးစဉ်ဒေသတစ်ခုအဖြစ် အဆင့်မြှင့်တင်ရေး၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးရေး၊ ခရီးသွားလုပ်ငန်းနှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေး စသည်တို့ကို ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် အားလုံးညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ကိစ္စရပ်များအား ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

### ဖတ်ကြားတင်ပြ

ယင်းနောက် ဗဟိုကော်မတီ အတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ(၂/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှု၊ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်တစ်ဦးအစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ကိုးခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ညွှန်ကြားချက်များကို ဆောင်ရွက်ရန်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နှင့် ဒေသတွင်း မြို့/ခရိုင်များ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားခွင့်ပြုရန်၊ ထူးခြားဖြစ်စဉ်များ အသိပေးရန်၊ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ် (GLMS) အား မပျက်မကွက်အသုံးပြုစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့် အသုံးပြုခြင်းမရှိပါက အရေးယူဆောင်ရွက်သွားရန်၊ လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ပြည်တွင်း၊ ပြည်ပဧည့်သည်များအား အခကြေးငွေဖြင့် တည်းခိုနေထိုင်နိုင်ရေး ဝန်ဆောင်မှုပေးနေသောလုပ်ငန်းများအား အရေးယူဆောင်ရွက်ရန်နှင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်နိုင်သည့် ကမ်းခြေခရီးစဉ်ဒေသများအဖြစ် သတ်မှတ်နိုင်ရန် အခြေအနေတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

### ရှင်းလင်းဆွေးနွေး

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်သစ်ပင်စိုက်ပျိုး မန္တလေးဆိပ်ကမ်းသာယာလှပရေး ကျောက်ရိုးစီမြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် (တတိယအကြိမ်မြောက်)မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၇ နာရီက ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုပန်းခြံလမ်း၊ ၁၃၁လမ်းနှင့် ၁၃၂လမ်းကြား၌ ကျင်းပပြုလုပ်ရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁)ဦးမြင့်ဦး၊ ကော်မတီဝင်(၂)ဦးနေလင်းထွန်းနှင့် ဌာနမှူးများ၊ ဒုတိယဌာနမှူးများနှင့် အရာထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီးတွင် စိန်ပန်းပင်များကို တစ်ပြိုင်တည်းစတင်စိုက်ပျိုးပေးကြပြီးနောက် ဝန်ထမ်းများ၏ တပျော်တပါး သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနအနေဖြင့် ၂၀၂၄ ခုနှစ် မိုးရာသီကာလအတွင်း အရိပ်ရ၊ နေကာ၊ လေကာပင် ၂၀၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားပြီး ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်၌ အရိပ်ရပင်(၃၉၉၀)ပင်၊ ဒုတိယအကြိမ်တွင် မယ်ဇယ်ပင်(၃၃၅)ပင် စိုက်ပျိုးနိုင်ခဲ့ပြီး ယနေ့ကျင်းပသည့် တတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် စိန်ပန်းပင်(၁၀)ပင်နှင့် မယ်ဇယ်ပင်(၂၀၀)စုစုပေါင်း(၂၁၀)ပင်ကို စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်(၃)ကြိမ်တွင် အရိပ်ရအပင်ပေါင်း (၄၅၃၅)ပင်ကို စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် မိုးရာသီကာလအတွင်း လျာထားချက်အပင်(၂၀၀၀၀)ပြည့်မီနိုင်ရေးအတွက် မြို့နယ်အလိုက်စီမံချက်ဖြင့် သတ်မှတ်နေရာများ၌ နေ့စဉ်စိုက်ပျိုးလျက်ရှိရာ စုစုပေါင်း စိုက်ပျိုးပြီးအပင်(၇၂၅၂)ပင်ဖြစ်ကြောင်း သိရသည်။ ယနေ့အထိ စိုက်ပျိုးပြီးစီးခဲ့သည့်အပင် စုစုပေါင်းမှာ (၁၁၇၈၇)ပင်ဖြစ်ရာ လျာထားချက်ပြည့်မီရန် မိုးရာသီကျန်(၃)လတွင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှ တစ်ဆင့်မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်၊ မြို့ပတ်ကမ်းနားလမ်း၊ ဧရာဝတီမြစ် မရမ်းခြံဆိပ်ကမ်းသို့ ရောက်ရှိကြပြီး မန္တလေးဆိပ်ကမ်းသာယာလှပရေး လုပ်ငန်းစီမံချက်



ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျောက်ရိုးစီမြေထိန်းနံရံ ရေလွှတ်ရင်ပြင်တည်ဆောက်ခြင်းလုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက မရမ်းခြံဆိပ်ကမ်းတစ်လျှောက် လျာထားသတ်မှတ်အရှည်ပေ(၂၀၂၀) အနက်အရှည်ပေ(၈၈၀) ရင်ပြင်အကျယ်ပေ(၁၀၀)အား ကျောက်ရိုးစီခြင်း၊ သဲဖို့ခြင်းလုပ်ငန်းများနှင့် ကျောက်ရိုးပေါ်တွင် လက်ရန်းများတပ်ဆင်ရန် ကွန်ကရစ်တိုင်များ တည်ဆောက်ခြင်း လုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ဧရာဝတီမြစ်ရေတက်မှု အခြေအနေအပေါ်မူတည်၍ လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**





## ပြည်ကြီးတံခွန်မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး




**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသည့် Ve Ve အချိုရည်စက်ရုံမှ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အာမခံအလုပ်သမား ဦးဇော်ဌေး၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုငွေ (၇,၇၀၀,၀၀၀) ကျပ်ကို ဇွန် ၂၁ ရက် နံနက်ပိုင်းက ခွင့်ပြုထုတ်ပေးခဲ့သည်။

ထိုသို့ ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ပြည်ကြီးတံခွန်မြို့နယ်ရှိ Ve Ve အချိုရည်စက်ရုံတွင် ပြုလုပ်ပြီး မန္တလေးတိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တိုင်းတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ အကြောင်းနှင့် အာမခံအလုပ်သမား ဦးဇော်ဌေး၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးရခြင်း အကြောင်းတို့ကို ရှင်းလင်းပြောကြားပြီးနောက် တိုင်းတာဝန်ခံအရာရှိက ဦးဇော်ဌေး၏ ကျန်ရစ်သူ အကျိုးခံစားခွင့် အဆ(၅၀) အတွက် ခွင့်ပြုငွေ(၇,၇၀၀,၀၀၀) ကျပ်အား အစ်ကိုဖြစ်သူထံ ခွင့်ပြုထုတ်ပေးခဲ့ပြီး Ve Ve အချိုရည်စက်ရုံမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

လူမှုဖူလုံရေးအာမခံ အလုပ်သမားများ၏ အကျိုးခံစားခွင့်များမှာ မကျန်းမာမှု၊ မီးဖွားမှု၊ မီးဖွားစရိတ်၊ ကျန်ရစ်သူ၏ ဖခင်ဘဝဖြစ်မှုနှင့် ဇနီးမီးဖွားစရိတ်၊ နာရေးစရိတ်၊ ကျန်ရစ်သူ အကျိုးခံစားခွင့်(ငွေလုံးငွေရင်း)၊ အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် (ငွေလုံးငွေရင်း)၊ ယာယီမသန်စွမ်းမှု၊ အာမခံအလုပ်သမား စိုက်ထုတ်ထားသည့် ဆေးဖိုးကုန်ကျငွေပြန်အမ်းခြင်းနှင့် ဆေးရုံတက်ခရီးစရိတ်တို့ကို ခွင့်ပြုထုတ်ပေးခြင်းဖြစ်ကြောင်း၊ လူမှုဖူလုံရေးစီမံကိန်းအနေဖြင့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသည် အလုပ်သမားများနှင့် မှီခိုသူမိသားစုတို့ကို လူမှုဒုက္ခတွေ့ကြုံရသည့်အချိန်တွင် အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရတို့ စုပေါင်းပါဝင်သည့် လူမှုရေးအရထောက်ပံ့ပေးသော အာမခံစနစ်ဖြစ်ပြီး အကျိုးခံစားခွင့်များကို ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

## တံတားဦးမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် နေကြာစိုက်ပျိုးခြင်းနှင့် Self Propeller Boom Sprayer ဖြင့် ဆေးဖျန်းခြင်း သရုပ်ပြပွဲကျင်းပ

တံတားဦး ဇွန် ၂၁

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အမှတ်(၂၃)စက်မှုလယ်ယာဦးစီးဌာနမှကျင်းပသောတံတားဦးမြို့နယ်စကားအင်းကျေးရွာတောင်သူဦးဇော်မင်းဦး၏ မြေဧရိယာအတွင်း မိုးနေကြာအား မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် Self Propeller Boom Sprayer ဖြင့် ဆေးဖျန်းခြင်းသရုပ်ပြပွဲ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အဖွဲ့ဝင်များ၊ အမှတ်(၂၃)စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးတင့်ဇော်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူများ တက်ရောက်ကြပြီး အမှတ်(၂၃) စက်မှုလယ်ယာဦးစီးဌာနမှ ဆောင်ရွက်သောနေကြာမျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်းနှင့် Self Propeller Boom Sprayer ဖြင့်ဆေးဖျန်းခြင်းလုပ်ငန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ (၄၀၉)

| |
|---|
| ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (ဃ) ပွဲစဉ် |
| **နယ်သာလန် ၀ – ၀ ပြင်သစ်** |

# မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကမ္မကျေးရွာအနီး ဖြစ်ပွားခဲ့သည့် ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူခဲ့ရသည့် ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ကမ္မကျေးရွာအနီးမှာ ဖြစ်ပွားခဲ့တဲ့ ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ဘဝနတ်ထံ ပျံလွန်တော်မူရခြင်း အကြောင်းနဲ့ပတ်သက်ပြီး ဆရာတော်၊ သံဃာတော်များနဲ့ တပည့်ဒါယကာ၊ ဒါယိကာမများကို အဖြစ်မှန်သိရှိစေရေး ရိုသေစွာလျှောက်ထားတင်ပြသွားမှာဖြစ်ပါတယ် ဘုရား။



ပထမဦးစွာ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇဘွဲ့ ဘွဲ့သုံးဘွဲ့ ဆက်ကပ်ပူဇော်ခံခဲ့ရတဲ့ နိုင်ငံတော်သံဃနာယက အဖွဲ့ဝင်ဟောင်း ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်ခဲ့တဲ့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို တပည့်တော်တို့က ရိုသေလေးစားစွာ ရှိခိုးပူဇော်အပ်ပါတယ် ဘုရား။ အလားတူပဲ ဒဏ်ရာရရှိခဲ့တဲ့ ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဂုဏိကာဘိဝံသ ဆရာတော်ကြီးအားလည်း ရိုသေစွာ ရှိခိုးပူဇော်အပ်ပါတယ် ဘုရား။

သံဃာတော် အရှင်မြတ်များနဲ့ ဒါယကာ၊ ဒါယိကာမများဘုရား..

ဒီဖြစ်စဉ်ဟာ ယခုဇွန်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်မှာ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ဖြစ်စဉ်မဖြစ်ပွားမီ အဲဒီဒေသရဲ့အခြေအနေများကိုလည်း သိရှိရန် လိုအပ်ပါတယ်။ ငါန်းဇွန်၊ မြို့သာဒေသဟာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီး မြောက်ခြမ်းက PDF အမည်ခံအကြမ်းဖက်အဖွဲ့များရှာသားအယောင်ဆောင် ဝင်ရောက်နေထိုင်ပြီး ဆက်ကြေးကောက်၊ ပြန်ပေးဆွဲ၊ မိုင်းထောင်၊ မိုင်းခွဲ ဖောက်ခွဲတိုက်ခိုက်တာတွေ စတာတွေကို မကြာခဏ လုပ်ဆောင်နေတဲ့နေရာ ဖြစ်ပါတယ်။ ဒီဖြစ်စဉ်မဖြစ်ပွားခင် တစ်ရက်အလို ဇွန်လ ၁၈ ရက်နေ့ ညနေ ၆ နာရီလောက်မှာ PDF အမည်ခံ အကြမ်းဖက်သမား ငါးဦးဟာ ဆိုင်ကယ် သုံးစီးနဲ့ မြို့သာ ကျေးရွာလမ်းအတိုင်း အရပ်ဝတ်များနဲ့ မောင်းနှင်လာပြီး မြို့သာနယ်မြေ ရဲစခန်းကို ပစ်ခတ်ခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးနဲ့ ရဲစခန်းအနီးမှာနေထိုင်တဲ့ အပြစ်မဲ့ သာမန်အရပ်သားရွာသားတစ်ယောက် ကျဆုံး/သေဆုံးခဲ့ရပါတယ်။ ယခုဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ဇွန် ၁၉ ရက် နံနက် ၆ နာရီခွဲအချိန်လောက်မှာ ဆီမီးခုံနဲ့ မန္တလေးပြေးဆွဲနေတဲ့ "ပြည့်စုံအောင်" ယာဉ်လိုင်းက မော်တော်ယာဉ်တစ်စီးကို အကြမ်းဖက် PDF အဖွဲ့က ယခုဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ကမ္မကျေးရွာအနီး ကမ္မရွာရဲ့ အနောက်မြောက် ဘက်က ဖောင်းကတော၊ သားကျင်ဘက်ကို ခေါ်ဆောင်သွားတယ်ဆိုပြီး ဒေသခံတွေက သတင်းပေးတိုင်ကြားလာခဲ့ပါတယ်။ ဒါကြောင့် ငါန်းဇွန်မြို့မှာရှိနေတဲ့ လုံခြုံရေး အဖွဲ့တွေဟာ အဖွဲ့နှစ်ဖွဲ့ခွဲပြီး အရှေ့ဘက် လမ်းကြောင်း၊ အနောက်ဘက် လမ်းကြောင်း နှစ်ကြောင်းနဲ့ ဖောင်းကတော၊ သားကျင်နေရာကို လုံခြုံရေး ဆောင်ရွက်ဖို့ ချီတက်ခဲ့ပါတယ်။ အနောက်ဘက် လမ်းကြောင်းက နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့တဲ့အဖွဲ့ကို မနက် ၁၀ နာရီ ကျော်ကျော်လောက်မှာ ဖောင်းကတော ရွာနားအရောက် PDF အကြမ်းဖက်အဖွဲ့ ၂၀ လောက်က မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ အပြန်အလှန် ပစ်ခတ်ထိတွေ့ တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပါတယ်။ အကြမ်းဖက် အဖွဲ့တွေ တောင်ဘက် ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ကမ္မရွာဘက်ကို ထွက်ပြေးသွားတာကိုလည်း တွေ့ရှိရပါတယ်။ တပ်က ကျဆုံး၊ ဒဏ်ရာရသူရှိခဲ့သလို အကြမ်းဖက်အဖွဲ့ဘက်ကလည်း ထိခိုက်ဒဏ်ရာရမှုရှိတယ်ဆိုတာ သိရှိခဲ့ရပါတယ်။ အဲဒါနဲ့ မရှေးမနှောင်းမှာဘဲ အရှေ့ဘက်လမ်းကြောင်းကနေ ချီတက်နေတဲ့ လုံခြုံရေးအဖွဲ့ရောက်ရှိနေတဲ့ ကမ္မရွာအနီးက ပစ်ခတ်သံတွေ ကြားခဲ့ရပါတယ်။ အဲဒီအရှေ့ဘက်လမ်းကြောင်းကနေ ချီတက်နေတဲ့လုံခြုံရေး အဖွဲ့ကလည်း ခုနက ကျွန်တော်ပြောခဲ့တဲ့ မော်တော်ယာဉ်တစ်စီး ခေါ်ဆောင်သွားတယ်ဆိုတဲ့ ဖောင်းကတော၊ သားကျင်ရွာဘက်ကနေ ထွက်ပြေးလာတဲ့အကြမ်းဖက်အဖွဲ့တွေကို ပိတ်ဆို့နိုင်ဖို့ အလျင်အမြန် ချီတက်နေတဲ့အဖွဲ့ ဖြစ်ပါတယ်။ အဲဒီ လုံခြုံရေးအဖွဲ့တွေဟာ ကမ္မရွာရဲ့ထိပ် ဘုရားအနီးလမ်းပေါ်မှာ ကမ္မရွာဘက်က မောင်းနှင်လာတဲ့ အရပ်နံပါတ်လိုင်စင်တပ် Surf အမျိုးအစား ယာဉ်တစ်စီးနဲ့ တွေ့ဆုံခဲ့ပါတယ်။ ယာဉ်ကို ရပ်တန့်ဖို့ လုံခြုံရေးကားပေါ်ကနေ အော်ဟစ်တားဆီးတာ၊ လက်ပြ တားဆီးတာလုပ်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ နောက်ဆုံး သေနတ်ကို မိုးပေါ်ထောင် ပစ်ခတ်တားဆီးခဲ့တယ်ဆိုတာလည်း သိရှိခဲ့ရပါတယ်။ အရပ်ကား Surf ကားက ကျော်တက် မောင်းနှင်သွားတဲ့ အခါမှာ နောက်ကနေလည်း ပစ်ခတ်တားဆီးခဲ့တယ် ဆိုတာကို အကြမ်းဖျင်း သိရှိရပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီး အသေးစိတ် ထပ်မံစိစစ်ဆန်းစစ်သွားမှာဖြစ်ပါတယ်။



၂၀၂၄ ခုနှစ် ဇွန်လ ၁၉ ရက်နေ့ ငါန်းဇွန်- မြို့သာဒေသဖြစ်စဉ် ပြပုံ။

သံဃာတော် အရှင်သူမြတ်များနဲ့ ဒါယကာ၊ ဒါယိကာမများ ဘုရား..

အဲဒီဒေသမှာ လုံခြုံရေးဆောင်ရွက်နေရတဲ့ စစ်သည်များရဲ့ တာဝန် ထမ်းဆောင်ရမှုဟာ အခက်အခဲများစွာ ရှိပါတယ်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ အရပ်ဝတ်နဲ့ပဲ အရပ်သားအယောင်ဆောင်ပြီး အပြစ်မဲ့ပြည်သူတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို နည်းမျိုးစုံနဲ့ နှောင့်ယှက်တိုက်ခိုက်နေတာ ဖြစ်ပါတယ်။ ရန်သူ၊ မိမိ၊ သာမန်ပြည်သူလူထုကို ရုတ်တရက် ခွဲခြားနိုင်ဖို့ ခက်ခဲတဲ့ အခြေအနေဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ဒီလို အခြေအနေမျိုးမှာ မြို့ရွာတွေကို ကာကွယ်နိုင်ဖို့၊ သာမန်အရပ်သားပြည်သူတွေကို ကာကွယ်နိုင်ဖို့ ကြိုးစား တာဝန်ထမ်းဆောင်နေကြရပါတယ်။

တပ်မတော်အနေနဲ့ ဒီမြန်မာနိုင်ငံမှာ ယဉ်ကျေးမှု၊ ဘာသာ၊ သာသနာ စည်ပင်ထွန်းကားပြန့်ပွားစေဖို့၊ ခိုင်မာစေဖို့ ရှေးယခင်ကတည်းက ယနေ့အထိ တက်ကြွနိုးကြားစွာ ဆောင်ရွက်ခဲ့တာကို ဗုဒ္ဓဘာသာနဲ့သက်ဆိုင်တဲ့ ဘာသာဝင်တွေအားလုံး သိရှိပြီး ဖြစ်ပါတယ်။ ဒီဖြစ်စဉ်တစ်ခုလောက်ကို အခွင့်ကောင်းယူပြီး ပြည်ဖျက်မီဒီယာတွေ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက ပျက်စီးရာ ပျက်စီးကြောင်း အချိန်ကိုက် လှုံ့ဆော်နေတာကိုလည်း တွေ့ရပါတယ်။ ဒီနေ့အထိ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ သတ်ဖြတ်တိုက်ခိုက်မှုတွေကြောင့် ရဟန်းသံဃာအပါး ၁၄၀၊ သီလရှင် နှစ်ပါး ပျံလွန်တော်မူခဲ့ရပြီး ၉၆ ပါး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ ဘာတစ်ခွန်းမှမပြောဘဲ ရေငုံနှုတ်ပိတ်နေနေကြတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါတွေကို သတိရှိဖို့ လိုအပ်ကြောင်း မေတ္တာရပ်ခံလိုပါတယ်။

သံဃာတော် အရှင်မြတ်များနဲ့ ဒါယကာ၊ ဒါယိကာမများ ဘုရား..

ဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး တပည့်တော်တို့လည်း ပရိယတ္တိသာသနာမှာ တန်ဖိုးရှိ ထင်ရှားကျော်ကြားလှတဲ့ သံဃာတော် အရှင်သူမြတ် တစ်ပါးဆုံးရှုံးခဲ့ရလို့ များစွာဝမ်းနည်းကြေကွဲရပါတယ်ဘုရား။ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် စုံစမ်းစစ်ဆေး အဖြစ်မှန် ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ဖော်ထုတ်သွားပါမယ် ဘုရား။ စုံစမ်းဖော်ထုတ်တွေ့ရှိချက်များအရ လိုအပ်သည့်အရေးယူဆောင်ရွက်မှုများ ကိုလည်း ဆောင်ရွက်သွားပါမည်။

ဆရာ၊ ဒကာ လက်တွဲညီ သာသနာ့အကျိုး ဆက်လက် ဆောင်ရွက်ပါမည်ဘုရား။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုပါဘုရား။



## နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မန္တလေး ဇွန် ၂၁**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ပန်းခင်း(၃)စီမံချက်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၁၀ နာရီက အ·ထ·က ပုသိမ်ကြီး ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အ·ထ·က ပုသိမ်ကြီးကျောင်း၌ ကွင်းဆင်းဆောင်ရွက်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများရရှိရန် ကျောင်းသား၊ ကျောင်းသူ ၁၂၀ ဦးအား ဆောင်ရွက်ပေးခဲ့ပြီး "လူမှုဘဝ ပြည့်စုံဖို့ နိုင်ငံသားကတ် ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ မြို့နယ်အတွင်း ပန်းခင်း(၃)စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၉၁)

## ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ပျံလွန်တော်မူခဲ့ရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး စိစစ်ဖော်ထုတ်လျက်ရှိ

**နေပြည်တော် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး မြို့သာမြို့နှင့် ကမ္မရွာအကြားတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသတို့စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ပစ်ခတ်ခံခဲ့ရပြီး ဝင်းနိမ္မိတာရုံကျောင်း ဆရာတော် ပျံလွန်တော်မူခဲ့ရကာ ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက်ဆရာတော်နှင့် ယာဉ်မောင်းတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ဇွန် ၁၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ဇွန် ၂၀ ရက် ညနေပိုင်း၌ လူမှုကွန်ရက်စာမျက်နှာများတွင် ဖြစ်စဉ်တွင် ပါဝင်ခဲ့သော ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက် ဆရာတော်ဘဒ္ဒန္တဂုဏိကာဘိဝံသ၏ ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားမှု ဗီဒီယိုဖိုင်တစ်ခု ပျံ့နှံ့လျက်ရှိကြောင်း တွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကနဦးသတင်းထုတ်ပြန်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ အဆင့်ဆင့်မှ သတင်းပို့တင်ပြလာသည့် အချက်အလက်များကို အခြေခံ၍ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဆရာတော်ကြီး၏ မိန့်ကြားမှုသည် သတင်းထုတ်ပြန်ခဲ့မှုနှင့် ကွဲလွဲမှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ၎င်းဖြစ်စဉ်နှင့်ပတ်သက်ပြီး မြေပြင်ဖြစ်စဉ်အမှန်ပေါ်ပေါက်စေရေး လိုအပ်သည့် စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်မှန်အား သိရှိရပါက လိုအပ်သည့် အရေးယူမှုများ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တာချီလိတ်မြို့နယ်၌ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးအား လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင်လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ဇွန် ၁၉ ရက်က မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးအား လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင် လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံကျေးရွာရှိ ဒေါ်အီလာခမ်း (ဘ) ဦးအိုက်ဟုန် ပိုင်ဆိုင်သည့် ခြံအမှတ်(ဝကလ-ဝဖ၄) ရှိ ငါးကန်ဟောင်းနေရာ၌ တရုတ်နိုင်ငံသားများ တရားမဝင်ရောက်ရှိနေထိုင်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ဝင်ရောက်စစ်ဆေးရာ အဆိုပါနေရာ၌ တရားမဝင်ရောက်ရှိနေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အန်းဟွေးပြည်နယ် ရှန်ရင်တုန့်ပိုင်မြို့နေ ရှောက်ဟူ ၃၄ နှစ် (ဘ)ဝမ်းလီ၊ ဖူးကျန့်ပြည်နယ် လုံးရမ်မြို့နေ လောင်ရောင်း ၄၅ နှစ် (ဘ) လောင်ဖိန်း၊ ဟူနန်ပြည်နယ် ဟိန်းရမ်မြို့နေ လောက်လျှိုး ၃၄ နှစ် (ဘ) လျှိုးရှင်းယုံနှင့် ကွေ့ကျိုးပြည်နယ် အန်းစွင့်မြို့နေ အားဖိန်း ၂၈ နှစ် (ဘ) အားကျင်းတို့ လေးဦးအား MK 12 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည် ၁၀ တောင့်၊ M 16 အမျိုးအစားသေနတ်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည် ၁၉ တောင့်၊ CZ 512 အမျိုးအစားသေနတ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ပွိုင့် ၂၂ ကျည် ၉၁ တောင့်၊ GLOCK-19 ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည်ရှစ်တောင့်၊ Sig Sauer ပစ္စတိုသေနတ် နှစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ကျည် ၂၁ တောင့်၊ ဆက်သွယ်ရေးစကားပြောစက်ရှစ်လုံး၊ ကက်တမင်း ဂရမ် ၁၅၀ ခန့်၊ မူးယစ်ဆေးဝါးမွှေစက် တစ်လုံးနှင့် တရားမဝင် လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်ခြင်္သေ့တစ်ကောင်၊ ကျားတစ်ကောင်၊ ဝက်ဝံနှစ်ကောင်တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသားလေးဦးနှင့် ၎င်းတို့အား တရားမဝင်နေထိုင်ခွင့်ပြုထားသူ ခြံပိုင်ရှင် ဒေါ်အီလာခမ်း(ဘ)ဦးအိုက်ဟုန်တို့အား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



တာချီလိတ်မြို့နယ်၌ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးအား လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင် လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၀ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thein Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ မင်းထက်ပိုင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ "Ko Thant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ အေးသန့်(ခ)ကိုသန့်နှင့် "Khin Myo Aye" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စော်ဘွားကြီးကုန်းရပ်ကွက်နေ ခင်မျိုးအေးတို့အား မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ "Zaw Moe Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကျောက်တန်းမြို့နယ် အမှတ် (၁) ရပ်ကွက်နေ ဇော်မိုးလွင်အား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Zar Zar Sann" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၄၇) ရပ်ကွက်နေ ဇာဇာစန်းအား ညနေ ၅ နာရီ မိနစ် ၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

➤ စာမျက်နှာ ၂၄မှ

ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ဆလိုဗက်ကီးယားက ယူကရိန်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ယူကရိန်းအသင်း၏ စိတ်ဓာတ်မာကျောမှုနှင့် ကစားပုံပြောင်းလဲမှုတို့ကြောင့် ဆလိုဗက်ကီးယားဘက်ကို ပြန်လည်ဖိအားပေးကစားလာနိုင်ခဲ့ပြီး ပွဲချိန် ၅၄မိနစ်တွင် ရှာပါရန်ကိုက ပင်နယ်တီဧရိယာအတွင်းမှ ဆလိုဗက်ကီးယား ဂိုးသမား၏ ညာဘက်ထောင့်ထဲသို့ လှလှပပကန်သွင်းယူကာ ယူကရိန်းအသင်းအတွက် ချေပဂိုး ရယူပေးသွားသည်။ ပွဲချိန် ၈၀မိနစ်တွင် ညာစွန်မှ ရှာပါရန်ကို၏ ဖြတ်တင်ပေးပို့မှုကို ယာရန်ချုစ်က ဆလိုဗက်ကီးယားအသင်းနောက်ခံကစားသမားနှစ်ယောက်နှင့် ဂိုးသမားအား ကျော်ဖြတ်ကာ မြေလိမ့်ဘောသွင်းယူပြီး ယူကရိန်းအသင်းအတွက် အနိုင်ရရှိစေမည့် ဒုတိယမြောက်ဂိုး ရယူပေးနိုင်ခဲ့သည်။ နောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံ သွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ယူကရိန်းအသင်းက ဆလိုဗက်ကီးယားအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယူကရိန်းအသင်းသည် အုပ်စု (င)ပွဲစဉ် ၂ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ဖြင့် အဆင့် ၂နေရာတွင် ရပ်တည်ခဲ့ပြီး၊ ဆလိုဗက်ကီးယားအသင်းကလည်း ၂ပွဲကစားအပြီးတွင် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်ဖြင့် အဆင့် ၃နေရာတွင် ရပ်တည်ခဲ့သည်။


ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(ဃ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၊ ဘာလင်အိုလံပစ်ဘောလုံးကွင်းတွင် ပိုလန်အသင်းနှင့် ဩစတြီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ ဩစတြီးယားအသင်းက ပိုလန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်း ပွဲစသည်နှင့် ရမှတ်လိုအပ်ချက်ရှိနေသည့် အသင်းနှစ်သင်းဖြစ်ခြင်းကြောင့် ဂိုးရရှိရေးအတွက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲက မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ကြည့်ကောင်းနေခဲ့သည်။ ပွဲချိန် ၉မိနစ်တွင်မူ ထရူနာက ဩစတြီးယားအသင်းအတွက် ဦးဆောင်ဂိုး ရယူပေးနိုင်ခဲ့သည်။ ပိုလန်အသင်းလည်း ချေပဂိုးပြန်လည်ရရှိရေးအတွက်အားကုန်တိုက်စစ်ဆင်ကစားခဲ့သည်။ ပွဲချိန် ၃၀မိနစ်တွင် ပီယွန်တက်ခ်က ပိုလန်အသင်းအတွက် ချေပဂိုး ပြန်လည်ရယူပေးနိုင်ခဲ့သည်။ လက်ကျန်မိနစ်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းပြီးဆုံးချိန်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

ဒုတိယပိုင်းတွင် နည်းပြရန်းနစ်၏ ဩစတြီးယားအသင်းသည် အသင်းကြီးတစ်သင်းလို စွမ်းဆောင်ရည်အပြည့်ဖြင့် ပိုလန်အသင်းဘက်ကို ဆက်တိုက်ဆိုသလို ထိုးဖောက်မှုများပြုလုပ်နိုင်ခဲ့သည်။ ပွဲချိန် ၆၆မိနစ်တွင် အလက်ဇန္ဒားပရက်စ်၏ ဖန်တီးပေးပို့မှုကို ဘောင်းဂါနာက လှလှပပသွင်းယူကာ ဩစတြီးယားအသင်းအတွက် ဒုတိယမြောက်ဂိုး ရယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၇၈မိနစ်တွင် ဩစတြီးယားတို့ ပင်နယ်တီ ရရှိခဲ့ပြီး အဆိုပါ ပင်နယ်တီကို အာနော်တိုဗစ်က သွင်းယူကာ အနိုင်သေချာစေမည့် တတိယမြောက်ဂိုး ရယူပေးခဲ့သည်။ ဒုတိယပိုင်း ပွဲစဉ်ပြီးဆုံးချိန်တွင် ဩစတြီးယားအသင်းက ပိုလန်အသင်းအား သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူခဲ့သည်။

ဩစတြီးယားအသင်းသည် အုပ်စု(ဃ)ပွဲစဉ် ၂ပွဲကစားအပြီးတွင် ရမှတ် ၃မှတ်ရရှိပြီး အုပ်စုနောက်တစ်ဆင့်တက်ရောက်ရေးအတွက် အခွင့်အရေးရှိနေဆဲဖြစ်သလို၊ ပိုလန်အသင်းမှာမူ ၂ပွဲကစားအပြီးတွင် တစ်ပွဲမှ နိုင်ပွဲ မရရှိခြင်းကြောင့် အုပ်စုအဆင့်မှ ထွက်ခွာရဖွယ်ရှိနေသည်။

**နိုင်ကမ္ဘာ**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Wang Yibo က War of Faith နှင့် ပတ်သက်၍ စာထုတ်ပေး




Wang Yibo သည် တစ်ပတ်ကြာ မှတ်တမ်းရုပ်ရှင် ရိုက်ကူးရေးမှအပြန် Magnolia Awards nomination ဆုကိစ္စနှင့် ပတ်သက်၍ ပညာရှင်ဆန်သော စာတစ်စောင် ထုတ်ပေးခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆုပေးပွဲတွင် ပရိသတ် မကျေနပ် ဝေဖန်မှုများ ထွက်ပေါ်လာမှုကြောင့် ထုတ်လုပ်သူများနှင့် ဆုရသူက ငြိမ်နေရာမှ Wang Yibo က 'War of Faith' ရဲ့ အောင်မြင်မှု အသိအမှတ်ခံရမှုဟာ ရိုက်ကွင်းတစ်ခုလုံးမှာရှိတဲ့ ဖန်တီးသူအားလုံးနဲ့ ဝန်ထမ်းအားလုံး အစွမ်းကုန်ကြိုးစား အားထုတ်မှု၊ အာရုံစူးစိုက်နစ်မြုပ်မှုကနေ ခွဲထုတ်လို့ မရနိုင်ပါဘူး၊ လူတိုင်း အပြန်အလှန်နားလည်ပြီး ပံ့ပိုးကူညီခဲ့ကြပါတယ်။ ဇာတ်ကောင်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ တစ်ဦးတည်းကြောင့် မဟုတ်ဘဲအားလုံးကို ကျေးဇူးတင်ပြီး ဆက်လက်ကြိုးစားသွားပါမယ် ဟူ၍ ဖြစ်သည်။

**SKY**

## Aishwarya Rai အပါအဝင် ဘောလိဝုဒ်အနုပညာရှင်များ ၂၀၂၄ကိန်းရုပ်ရှင်ပွဲတော်တက်ရောက်ခဲ့



အိန္ဒိယမယ်စကြဝဠာ အလှပိုင်ရှင် သရုပ်ဆောင်မင်းသမီး Aishwarya Rai အပါအဝင် အိန္ဒိယ အနုပညာရှင်များ ၂၀၂၄ကိန်းရုပ်ရှင်ပွဲတော်သို့ ဖက်ရှင်စတိုင်လ်သစ်နှင့် တက်ရောက်ခဲ့ကြကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတော်သို့ အိန္ဒိယအလှမယ် Aishwarya Rai က လက်ဒဏ်ရာရထားပြီး သမီးဖြစ်သူ အကူအညီနှင့် တက်ရောက်လာရာ ဖက်ရှင်စတိုင်လ်သစ်နှင့် မြင်တွေ့ကြရသည်။

ကီရာရာကလည်း ချစ်စဖွယ်ဖက်ရှင်သစ် ဆင်မြန်းထားကာ ရုပ်ရှင်ထဲမှ ကဗျာဆရာအဖြစ် သရုပ်ဆောင်သည့် တာဟိရ်က ရိုးရာဝတ်စုံနှင့်ခံ့ညားနေကာ ဦးဘရှီးကလည်း ဆွဲဆောင်အားအပြည့်ဖက်ရှင်သစ်နှင့် မြင်တွေ့ကြရသည်။

ဘောလိဝုဒ်အနုပညာရှင်များ ၂၀၂၄ ကိန်းရုပ်ရှင်ပွဲတော်သို့ တက်ရောက်ခဲ့ကြပြီး ကမ္ဘာ့ပရိသတ်စိတ်ဝင်တစား အားပေးမှု ရရှိထားသည်။

**SKY**

## G Dragon ကို KAIST က ဧည့်သည်ပရော်ဖက်ဆာအဖြစ် ခန့်အပ်

ကေပေါ့ပ်ဘုရင်ဟု သတ်မှတ်ခံရသည့် G Dragon ခေါ် Kwang Ji Young ကို KAIST (Korea Advanced Institute of Science and Technology)၏ ဧည့်သည်ပရော်ဖက်ဆာအဖြစ် ခန့်အပ်ခံရ၍ ပရော်ဖက်ဆာ G Dragon ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဌာန၏ ထုတ်ပြန်ချက်အရ ဇွန်လဆန်းတွင် G Dragon သည် ဒေဂွန်ရှိ KAIST ရုံးချုပ်မှကျင်းပသည့် Innovate Korea 2024 Talk Show တွင် ပါဝင်ခဲ့ပြီးနောက် Department of Machanical Enginnering ၏ ဧည့်သည်ပရော်ဖက်ဆာဖြစ် ခန့်အပ်လိုက်သည်။




G Dragon သည် KAIST နှင့် National Research Council of Science and Technology(NST)က ကြီးမှူးကျင်းပသည့်ပွဲတွင် ဥက္ကဋ္ဌနှစ်ဦးဖြစ်သည့် ချိုင်ယောင်ဟို၊ လီကွမ်ဟွမ်တို့နှင့် G Dragon တို့က AI(Arti-ficial Intelligence)နှင့် သက်ဆိုင်သည့် အနာဂတ်နည်းပညာ အကြောင်းနှင့် ကေပေါ့ပ်အကြောင်း ဆွေးနွေးခဲ့ကြသည့်အတွက် G Dragon ကို ဧည့်သည်ပရော်ဖက်ဆာအဖြစ် ၂၀၂၆ခုနှစ် ဇွန် ၄ ရက်အထိ နှစ်နှစ် ခန့်အပ်ခဲ့သည်။

G Dragon သည် KAIST ၏ သံတမန်ဖြစ်ပြီး ဘွဲ့မရသေးသူများနှင့် ဘွဲ့လွန်ကျောင်းသားများကို ခေါင်းဆောင်မှုနှင့် ပတ်သက်သည့် သင်ခန်းစာ၊ အတွေ့အကြုံများ၊ အနုပညာရှင်တစ်ဦးအဖြစ် ကြုံတွေ့ခဲ့ရပုံနှင့် ကမ္ဘာ့အပေါ် ရှုမြင်ပုံများကို သင်ကြား ပို့ချပေးမည်ဖြစ်ပြီး သူ၏အနာဂတ် အနုပညာလှုပ်ရှားမှုများကို AI နှင့် ချိတ်ဆက်ရန် ပြင်ဆင်နေသည်။

**SKY**



## ဆန်နှင့်ဂျုံမှုန့်ထဲရှိ အဆိပ်အတောက်များကို ဘရာဇီးသုတေသီများ စူးစမ်းလေ့လာဖော်ထုတ်

လူအများစု အမြဲကစားသုံးသောဆန်နှင့် ဂျုံမှုန့်ထဲရှိ အဆိပ်အတောက်များကို ဘရာဇီးနိုင်ငံ ဆောပေါလိုတက္ကသိုလ်မှ ပါမောက္ခ ကားလို့စ်အော်ဂတ်စတိုဖာနန်းဒက်ဇ်ဒီအော်လီဗိုင်ရာ ဦးဆောင်သည့် သုတေသီများ မကြာသေးမီက စူးစမ်းလေ့လာ ဖော်ထုတ်နိုင်ခဲ့သည်။

အမိက အဆိပ်အတောက်ခြောက်မျိုးတွေ့ရပြီး အသေးစိတ် ခွဲခြမ်းစိတ်ဖြာခဲ့ကြသည့်သောအခါ အဆိပ်အတောက် ၄၀၀ကျော်ဖြစ်နေသည်ဟု ပါမောက္ခကားလို့စ်က ရှင်းပြသည်။

အဆိုပါအဆိပ်အတောက်များသည် ကလေးသူငယ်များနှင့် ဆယ်ကျော်သက်အရွယ်များ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ရှင်းလင်းပြောကြားသည်။

ထိုဆန်နှင့်ဂျုံမှုန့်များသည် သီးနှံဖျက်ပိုးမွှားများကြောင့်ဖြစ်စေ မိုးစေ့ကြောင့်ဖြစ်စေ ယိုယွင်းပျက်စီးသွားရာမှ အဆိပ်အတောက်များပါလာပြီး အထူးသဖြင့် လူ့ကိုယ်ခံအားစနစ်ကို ထိခိုက်စေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## BTS မှ RM နှင့် Jimin တို့ ဒုတိယအယ်လ်ဘမ်သစ် Right Place Wrong Person အကြောင်းပြောကြားထားကြ

BTS အဖွဲ့ခေါင်းဆောင် RM က အဖွဲ့ဝင် Jimin နှင့်အတူ သူ၏ဒုတိယ အယ်လ်ဘမ် Right Place Wrong Person အကြောင်း အပြန်အလှန် စကားပြောကြားထားရာ RM ၏ရင်ဖွင့်စကားများစွာ ကြားခဲ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

RM သည် BTS အဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်၍ ရင်ဖွင့်မရနိုင်သည့် မျိုသိပ်ထားသော စကားများစွာရှိရာ အနုပညာသမားဖြစ်၍ ခံစားချက်များကို သီချင်းမှတစ်ဆင့် လှပစွာ ပေါက်ကွဲထွက်နိုင်ခဲ့သည်ဟု Jimin က ဆိုသည်။

RM(ခေါ်)ကင်နမ်ဂျွန်၏ အယ်လ်ဘမ်မှာ ဒိုင်ယာရီစာအုပ် ဖတ်နေရသည်နှင့်တူပြီး သီချင်းတစ်ပုဒ်စီတိုင်း နားထောင်ပြီးရင်း နားထောင်ချင်စိတ် ဖြစ်ကာ ထူးခြားသော ရသကို ပေးစွမ်းထားနိုင်သည်ဟု ဆိုကာ လက်ရှိအနုပညာရှင်မဟုတ်ဘဲ သင်တန်းသားဘဝနှင့် သူ၏အယ်လ်ဘမ်ကို လှပစွာ ပေါက်ဖွား၍ မှတ်တိုင်စိုက်ထူခဲ့သည်။

**SKY**

## Tiger Shorff ရိုက်ကူးသည့် ရုပ်ရှင်တိုင်း အရှုံးပေါ်နေ

ဘောလိဝုဒ်သရုပ်ဆောင် Tiger Shorff သည် ကိုဗစ်ရောဂါကာလနောက်ပိုင်း ပါဝင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားတိုင်း အရှုံးပေါ်၍ အခြေအနေ ဆိုးရွားနေသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မကြာမီက ရုံတင်ခဲ့သည့် Tiger Shorff ၏ ရုပ်ရှင်များဖြစ်သည့် Heropanti 2 , Ganapath နှင့် Bade Miyan Chote Miyan တို့မှာ အရှုံးအတော်များခဲ့သည့်သတင်းထွက်နေသည့်အတွက် ထုတ်ဝေသူများ Tiger Shorff နှင့်ရိုက်ရန် လက်တွန့်နေကြသည်။



Tiger Shorff နှင့် အရေးကူးမားလ်တို့ပါဝင်ထားသည့် ရုပ်ရှင် Fighter မှာလည်း ရှာရွတ်ခန်၏ နာမည်ကြီးရုပ်ရှင်ကားနှင့်ထိပ်တိုက်တွေ့ခဲ့ပြီး အရှုံးပေါ်ခဲ့ပြန်သည့်အတွက် ကံမကောင်းသောနှစ် ဖြစ်ခဲ့ရသည်။

ဘောလိဝုဒ်ရုပ်ရှင် အသိုင်းအဝိုင်းတွင် ရိုက်ကူးသောကားတိုင်း အရှုံးပေါ်ခဲ့သည့် Tiger Shorff နှင့်ရုပ်ရှင်ကားများစွာရိုက်ကူးထားပြီး အရှုံးပေါ်ခဲ့သော အရေးကူးလ်မားတို့နှစ်ဦးကို ထုတ်ဝေသူများက ရုပ်ရှင်ရိုက်ကူးရန်အတွက် စဉ်းစားစရာ ဖြစ်နေကြ၍ ဆိုးရွားသော အခြေအနေဖြစ်နေခဲ့သည်။

**SKY**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဒေါ်နယ်လ်ထရမ့်၏ မဲဆွယ်စည်းရုံးရေးရန်ပုံငွေအတွက် ဘဏ်သူဌေး တီမိုသီမယ်လွန် ဒေါ်လာ သန်း ၅၀ ထည့်ဝင်



**ဝါရှင်တန် ဇွန် ၂၁**

၂၀၂၄ ခုနှစ် ရီပတ်ဘလီကင် ပါတီကိုယ်စားပြု အမေရိကန် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် ၏ မဲဆွယ်စည်းရုံးရေးရန်ပုံငွေ အတွက် အမေရိကန် ဘဏ်သူဌေး တီမိုသီမယ်လွန် တစ်ဦး တည်းက ဒေါ်လာသန်း ၅၀ ထည့်ခဲ့ကြောင်း သိရသည်။

နယူးယောက်တရားရုံးက စွဲချက် ၃၄ ချက်ဖြင့် ဒေါ်နယ်လ် ထရမ့်ကို ပြစ်မှုထင်ရှားစီရင်ခဲ့ပြီး နောက်တစ်နေ့တွင် ဘဏ်သူဌေး မယ်လွန်က ယင်းမဲဆွယ်စည်းရုံး ရေးရန်ပုံငွေကို ထည့်ဝင်ခဲ့ခြင်းဖြစ် သည်။

၎င်းအနေဖြင့် တသီးပုဂ္ဂလ အမေရိကန်သမ္မတလောင်း ရော ဘတ်ဂျွန်အက်ဖ်ကနေဒီဂျူနီယာ၏ မဲဆွယ်စည်းရုံးရေးရန်ပုံငွေအတွက် ယခင်က အမေရိကန်ဒေါ်လာ သန်း ၂၀ ထည့်ဝင်ခဲ့ဖူးသည်။

ယခုနှစ်တွင် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် ထိုပမာဏ ထက်ပို၍ ထည့်ဝင်ခဲ့သဖြင့် ရီပတ် ဘလီကင်ပရိသတ်က အားရ ကျေနပ်နေကြသည်။

ထရမ့်အနေဖြင့် အခြားအမေ ရိကန် သန်းကြွယ်သူဌေးများဖြစ် ကြသော လစ်ဖ်နှင့် ဒစ်ခ်အူလိန်း တို့နှစ်ဦးထံမှ ရန်ပုံငွေ ဒေါ်လာ ၁၀ သန်း အခြားထောက်ခံသူများထံမှ ၈ သန်း ရရှိထားပြီးဖြစ်သည်။

ပြိုင်ဘက်ဒီမိုကရက်သမ္မတ လောင်း ဂျိုးဘိုင်ဒင်ရွေးကောက်ပွဲ အောင်နိုင်ရေးအတွက် အမေရိကန် သန်းကြွယ်သူဌေး မိုက်ဘလွန်း ဘတ်က ဒေါ်လာ သန်း ၂၀ ထည့်ဝင်ထားကြောင်း သိရသည်။

**Mon**

0-0-0-0-0



## တရုတ်နိုင်ငံက ယူဂန္ဒာနိုင်ငံသို့ ပံ့ပိုးလှူဒါန်းသော ကျောင်းနေ့လယ်စာစီမံကိန်းသည် ယူဂန္ဒာနိုင်ငံရှိ ကလေး ၁၆၀၀၀၀ ကျော်ကို အကျိုးပြု

**မော်ရိုကို ဇွန် ၂၁**

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)က တရုတ်နိုင်ငံမှ ပံ့ပိုး လှူဒါန်းသော ကျောင်းနေ့လယ်စာ စီမံကိန်း တရားဝင်စတင်ခြင်း အထိမ်းအမှတ်အဖြစ် ယူဂန္ဒာနိုင်ငံ မော်ရိုကိုမြို့ရှိ Kasemeri မူလတန်းကျောင်း၌ "ခန္ဓာနှင့် စိတ်အာဟာရ" ကျောင်းပြိုင်ပွဲ ကို ဇွန် ၂၀ ရက်က ကျင်းပ ခဲ့သည်။ ၎င်းဒေသတွင်းရှိ စာသင် ကျောင်းပေါင်း ၃၁၅ ကျောင်းမှ ကလေးငယ် ၁၆၅၀၀၀ ဦး အတွက် တစ်နှစ်တာ ကျောင်း နေ့လယ်စာထောက်ပံ့ပေးရန် ကုလ သမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှတစ်ဆင့် ရန်ပုံငွေ လှူ ဒါန်းသွားမည်ဟု တရုတ်နိုင်ငံက ကြေညာခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု၏ ဝေဖန်မှုများကို အမေရိကန်သမ္မတအိမ်ဖြူတော်က အလွန်စိတ်ပျက်ခဲ့

**ဝါရှင်တန် ဇွန် ၂၁**



အစ္စရေးဝန်ကြီးချုပ် နက် တန်ယာဟု ၏ဝေဖန်မှုများကို အမေရိကန်သမ္မတအိမ်ဖြူတော်က အလွန်စိတ်ပျက်ခဲ့သည်ဟု အမေ ရိကန်အမျိုးသားလုံခြုံရေးအကြံ ပေး ဂျိတ်ခ်ဆူလီဗန်က ဇွန် ၂၁ ရက်တွင် ထုတ်ဖော်ပြောကြား လိုက်ကြောင်း စီအင်န်အေသတင်း ဌာနက ဖော်ပြသည်။

မကြာသေးမီက ဂျိတ်ခ်ဆူလီ ဗန်နှင့် အစ္စရေးဝန်ကြီးချုပ်၏ ထိပ်တန်းလူယုံ များဖြစ်သည့် အမျိုးသားလုံခြုံရေးအကြံပေး နှစ်ဦးတို့ အိမ်ဖြူတော်၌ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

ထို ဆွေးနွေးမှုရလဒ်နှင့်ပတ် သက်၍ ဝန်ကြီးချုပ် ဘင်ဂျမင် နက်တန်ယာဟုက တုံ့ပြန်ကာ အမေရိကန်တို့ဘက်က အစ္စရေး အတွက် လက်နက်ရောင်းချမပေး ဘဲ ဆိုင်းငံ့ထားခြင်းနှင့်ပတ်သက် ၍ ဝေဖန်ခဲ့ခြင်းဖြစ်သည်။

မိမိတို့တိုင်းပြည်နှင့် အချုပ် အခြာအာဏာကို ကာကွယ်စောင့် ရှောက်ရန်အတွက် လိုအပ်သော လက်နက်များကို ပို့မပေးသေးဘဲ အမေရိကန်ဘက်က ဆိုင်းငံ့ထား ဆဲဖြစ်ကြောင်း နက်တန်ယာဟုက ပြောကြားသည်။

မိမိကိုယ်မိမိကာကွယ်ရန် ကိစ္စတွင် အမေရိကန်က အစ္စရေး ကိုကူညီရမည့်အစား ရပ်တန့်ခဲ့ သည်ဟုလည်း ၎င်းက ထည့် သွင်းဝေဖန်ခဲ့ကြောင်း သိရသည်။

**Mon**

## ကမ္ဘာကျော်ဘာသာဗေဒပညာရှင် နွမ်ချော်မစကီး ကွယ်လွန်သွားပြီဆိုသောသတင်း မဟုတ်မှန်

**ဘရာဇီးလီးယား ဇွန် ၂၁**

ကမ္ဘာကျော်ဘာသာဗေဒ ပညာရှင် ဉာဏ်ကြီးရှင် နွမ်ချော်မ စကီး ကွယ်လွန်သွားပြီဆိုသော သတင်း မဟုတ်မှန်ဟု ဇနီးဖြစ်သူ ကိုယ်တိုင်ယမန်နေ့က ငြင်းဆို ဖြေရှင်းခဲ့ကြောင်း အေဘီစီသတင်း ဌာနက ဖော်ပြသည်။

ချော်မစကီး ကွယ်လွန်သွားပြီ ဟု အင်တာနက်လူမှုကွန်ရက်များ ပေါ်တွင် သတင်းမှားများထုတ် လွှင့်ခဲ့ရာမှ ထိုသတင်းမှားကို အမှန်ထင်ပြီး ဝက်ဘ်ဆိုက်အချို့ တွင်ပင် ရည်ညွှန်းဖော်ပြခဲ့ကြ သည်။

စင်စစ်တွင် ချော်မစကီး မကွယ်လွန်ဘဲ ဘရာဇီးနိုင်ငံ ဆောပေါလိုမြို့ရှိနေအိမ်တွင် ကျန်းမာစွာရှိနေကြောင်း လုပ်ဖော် ကိုင်ဖက်ဖြစ်သူ စတီဗင်ပင်ကာ ကလည်း အီတ်ခ်ျစ်လူမှုကွန်ရက်မှ တစ်ဆင့် ဖြေရှင်းခဲ့သည်။

၂၀၁၅ ခုနှစ်ကတည်းက ဆောပေါလိုမြို့သို့ရောက်ရှိကာ ဇနီးနှင့် အတူနေထိုင်ခဲ့သော နွမ်ချော်မစကီးသည် ယမန်နှစ်က ညာဘက်တစ်ခြမ်းလေဖြတ်ကာ စကားပြောရန် အခက်တွေ့ခဲ့ ကြောင်း သိရသည်။

**Mon**

## အိန္ဒိယတက္ကသိုလ်၊ ကောလိပ်ဝင်ခွင့်စာမေးပွဲများ၌ အဂတိမကင်းသဖြင့် သက်ဆိုင်ရာက စုံစမ်းနေ

**ဒေလီ ဇွန် ၂၁**

အိန္ဒိယတက္ကသိုလ်၊ ကောလိပ် ဝင်ခွင့်စာမေးပွဲများ၌ အဂတိ မကင်းသဖြင့် သက်ဆိုင်ရာရဲစုံ ထောက်များက စုံစမ်းနေကြောင်း အယ်လ်ဂျာဇီးရားသတင်းဌာနက ဖော်ပြသည်။

အထူးသဖြင့် အိန္ဒိယနိုင်ငံ တွင် ရေပန်းအစားဆုံး ဆေး တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ယခုနှစ် မေးခွန်းပေါက်ခဲ့ရာမှ သက်ဆိုင်ရာ က ထိုသို့ စုံစမ်းနေခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံတစ်ဝန်းရှိ ဆေး တက္ကသိုလ်၊ ကောလိပ်များတွင် ဆေးကျောင်းသား ၁၀၀၀၀၀ ဦး ခေါ်ယူမည်ဖြစ်ပြီး ဝင်ခွင့်ဖြေဆို သူပေါင်း ၂ ဒသမ ၄ သန်းခန့် ရှိခဲ့သည်။

တက္ကသိုလ်၊ ကောလိပ်ဝင် ခွင့်စာမေးပွဲများ၌ အမှတ်ပေးရာ တွင်လည်း စာစစ်သူများ အဂတိ လိုက်စားမှုရှိခဲ့သည်ဟု မကျေနပ် သော ကျောင်းသား၊ ကျောင်းသူ များက တိုင်ကြားခဲ့ကြောင်းသိရ သည်။

**Mon**





တောင်ဆူဒန်ရှိ နီမူလေအမျိုးသားဥယျာဉ်အတွင်း၌ ဆင်စွယ်ရယူ ရန် တရားမဝင်သတ်ဖြတ်ခံခဲ့ရသည့် ဆင်တစ်ကောင်ကို အစိုးရသစ် တောအရာရှိများ စစ်ဆေးကြည့်ရှုနေကြစဉ်။ **Mon**

## နိုင်ငံခြားခရီးသွားဧည့်သည် သန်း ၆၀ လာရောက်ရန် ဂျပန်နိုင်ငံက ရည်မှန်းပြီး ကြိုတင်ပြင်ဆင်ထား

**တိုကျို ဇွန် ၂၁**

တစ်နှစ်အတွင်း နိုင်ငံခြား ခရီးသွားဧည့်သည် သန်း ၆၀ လာ ရောက်ရန် ဂျပန်နိုင်ငံက ရည်မှန်း ပြီး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ် ထားသည်ဟု အစိုးရခရီးသွားလုပ် ငန်းဌာနအကြီးအကဲဖြစ်သူ အိချိ ရောတကဟရှိက ဇွန် ၂၀ ရက် တွင် ထုတ်ဖော်ပြောကြားလိုက် ကြောင်း စီအင်န်အေသတင်းဌာန က ဖော်ပြသည်။

ယမန်နှစ်က ဂျပန်နိုင်ငံသို့ ပြည်ပမှ ခရီးသွားဧည့်သည်အရေ အတွက် ၂၅ သန်း ကျော် လာ ရောက်ခဲ့ကြသည်။

ယခုနှစ် ခရီးသွားရာသီတွင် မူ နှစ်ဆကျော်တိုးပွားပြီး ဧည့်သည်များ ဝင်ရောက်လာနိုင် သည်ဟု မိမိတို့မျှော်မှန်းထား ကြောင်း တိုကျိုမြို့တော်၌ ကျင်းပ သောအစည်းအဝေးတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ခရီးသွားဧည့်သည် ဝင် ရောက်စေခြင်းဖြင့် ခရီးသွား ကဏ္ဍမှ ဝင်ငွေကိုမြင့်ရရှိလာနိုင် သော်လည်း ရှေးဟောင်းယဉ်ကျေး မှုအမွေအနှစ်ဒေသများတွင် လူ အမြောက်အမြားလက်ခံရာမှ ထိ ခိုက်ယိုယွင်းမှုများ ကြုံတွေ့လာ နိုင်ကြောင်း ဂျပန်ပြည်တွင်းမီဒီယာ များ၌ ထောက်ပြသတိပေးထား သည်။

**Mon**

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော



**မတ္တရာ ဇွန် ၂၁**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် နံနက် ၁၀နာရီခွဲက မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (စလွန်မြို့)တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေသူမြင့်က မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးများအကြောင်းကို ရှင်းလင်းပြောကြားပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလှိုင်ဝင်းသန်းက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အသိပညာပေးအခမ်းအနားသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၆၂)**



## လူကုန်ကူးမှုပပျောက်ရေးအသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းရှူး ဇွန် ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်၊ အခြေခံပညာအလယ်တန်းကျောင်းတွင် လူကုန်ကူးမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၂၀ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် အလယ်တန်းပြဆရာမ ဒေါ်ခင်ဆွေနုက လူကုန်ကူးမှုနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်နှင့် ပြောင်းလဲဖြစ်ပေါ်နေသည့် လူကုန်ကူးမှုဖြစ်စဉ်များအကြောင်း ဟောပြောပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးလေးယုက လူကုန်ကူးမှု၏သမိုင်းအကြောင်း၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေနှင့် လူကုန်ကူးသူများအသုံးပြုသောနည်းလမ်းများကို ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေး နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)ပူးပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၉၆၀နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Toyoace Light Truck တစ်စီးကိုလည်းကောင်း၊ ရွှေကျင်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ပရီမီယမ်ဒီဇယ်ဆီ ၆၄၄ ဂါလန်နှင့် အဆိုပါ စက်သုံးဆီများတင်ဆောင်လာသည့် Howo Tractro Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။









မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ဇွန် ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်း၊ ကျိုင်းဖောင်းရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipo vitan-D အားဖြည့်အချိုရည်ပုလင်း ၁၇၂၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsu bishi Canter တစ်စီးဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## မိုးရွာသွန်းမှုကြောင့် သစ်ပင်လဲကျမှု ရှင်းလင်းဖယ်ရှား

**အောင်လံ ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၊ ရွာထောင်ရပ်ကွက်၊ ဆာပါလမ်းတွင် ဇွန် ၂၀ ရက် ညနေ ၃နာရီ ၃၅ မိနစ်ခန့်က မိုးရွာသွန်းစဉ် သက်တမ်းရင့် ညောင်ပင်ကြီးလဲကျမှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် အောင်လံမြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ် တစ်စီး၊ သန္ဒေ မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ရှင်းလင်းဖယ်ရှားခဲ့ရာ ညနေ ၄ နာရီ ၄၅ မိနစ်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**(အပေါ်ပုံ)(၀၄၅)**

## အမျိုးသားသုံးဦးအား ဘိန်းစိမ်းထုပ်များနှင့် ဖမ်းမိ

**စစ်ကိုင်း ဇွန် ၂၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ရတနာပုံတံတားအနီးတွင် ဘိန်းစိမ်းထုပ်များဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာဇွန် ၁၉ ရက် မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရတနာပုံတံတားစစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်များအား ပိတ်ဆို့စစ်ဆေးနေစဉ် NPW3/3F --- YUTONE ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ် ဆေးရာမှ ယာဉ်မောင်း မိုးသူရ၊ ယာဉ်နောက်လိုက် ပြည့်စုံအောင်၊ ဇင်မင်းထွန်းတို့အား ဘိန်းစိမ်းအလေးချိန်(၂၈) ကီလိုဂရမ်ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါမူးယစ်ဆေးဝါးဘိန်းစိမ်းထုပ်များအား ခရီးသည်တင်မော်တော်ယာဉ်ဖြင့် တင်ဆောင်လာကြသူ မိုးသူရ(၃၄)နှစ်၊ ပြည့်စုံအောင်(၂၉)နှစ်၊ ဇင်မင်းထွန်း(၂၄)နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူထားပြီး အမှုကွင်းဆက်များစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ယာပုံ)**

**(၀၅၇)**



## ပျော်ဘွယ်မြို့နယ်၊ ယင်းတော်ရွာတွင် မီးလောင်မှုဖြစ်ပွား

**ပျော်ဘွယ် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ပျော်ဘွယ်မြို့နယ်၊ယင်းတော်ကျေးရွာတွင် ဇွန် ၁၉ ရက် နံနက် ၁၀နာရီ ၂၃ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ပျော်ဘွယ်မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် လေးစီး၊ ယင်းတော်နယ်မြေ မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်နှစ်စီး သန္ဒေ မီးသတ်တပ်ဖွဲ့ဝင်များဖြင့် ထွက်ခွာငြိမ်းသတ်ရာ နံနက် ၁၀နာရီ မိနစ် ၄၀တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**(၀၄၅)**

# မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ -၂၀၂၄




နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်မှု စသည်တို့သည် ယင်းနိုင်ငံ၏ လူ့စွမ်းအား အရင်းအမြစ်များအပေါ်တွင် အဓိက အမှီပြုနေပါသည်။ ထူးချွန်ထက်မြက်သော၊ စွမ်းဆောင်ရည် မြင့်မားသော၊ နည်းပညာနှင့် သုတေသနကို ဟန်ချက်ညီညီ ပြုလုပ်နိုင်စွမ်းရှိသော လူသားတို့ကို မွေးထုတ်ပေးရန် အထူးလိုအပ်ပါသည်။ ထိုအခါတွင် နိုင်ငံ၏ အုပ်ချုပ်ရေးအဖွဲ့၊ စီမံခန့်ခွဲရေးအဖွဲ့နှင့် ပညာရေးအဖွဲ့တို့က ဦးတည်ချက်၊ ရည်မှန်းချက်၊ မျှော်မှန်းရလဒ်များနှင့် စီမံဆောင်ရွက်ချက်များကို စနစ်တကျ ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ကြရပါမည်။

အမိမြန်မာနိုင်ငံတော်အနေဖြင့် အထက်ဖော်ပြပါ ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်စေရန်အတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ဦးတည်ချက်(၉)ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိသည်တွင် လူမှုရေးဦးတည်ချက်များအဖြစ် "တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး" ကို ချမှတ်ထားပြီးဖြစ်ပါသည်။

ဤဦးတည်ချက်၏ အဓိကမျှော်မှန်းချက်များနှင့် မျှော်မှန်းရလဒ်များသည် အောက်ပါအတိုင်း ဖြစ်ကြပါသည်။

(က) နိုင်ငံတော်၏ အသိပညာ၊ အတတ်ပညာကဏ္ဍ တိုးတက်မြင့်မားနေစေရေး
(ခ) အခြေခံပညာ၊ အဆင့်မြင့်ပညာ၊သက်မွေးပညာနှင့်နည်းပညာကဏ္ဍတို့ ဟန်ချက်ညီညီ တိုးတက်မြင့်မားလာရေး
(ဂ) ပညာရှင်များ အထူးအားဖြင့် ကုန်ထုတ်လုပ်မှုကိုစွမ်းအားပြည့် အထောက်အကူပြုသူများ ပေါ်ထွန်းလာရေး
(ဃ) လူတိုင်းလက်လှမ်းမီသည့်၊လူတိုင်းအတွက် အရေးပါသည့် ဘက်စုံပညာရေးစနစ်ကို တည်ဆောက်ရေး
(င) ဘက်စုံလွှမ်းခြုံသော ပညာရေးစနစ်ကို ခိုင်ခိုင်မာမာ တည်ဆောက်ရေး

ချမှတ်ထားပြီးဖြစ်သော ဦးတည်ချက်များကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရေးသည် ပညာရေးဝန်ကြီးဌာနတွင် အဓိကတာဝန်ရှိသော်လည်း အခြားသော ဝန်ကြီးဌာနများကလည်း ပူးပေါင်းပါဝင် လုပ်ဆောင်ပေးလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။

ဘက်စုံလွှမ်းခြုံသော ပညာရေးစနစ် တိုးတက်မြင့်မားရေး၊ ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကြီးကို ၂၀၂၃ တွင် စတင်ကျင်းပခဲ့ပါသည်။ ယင်းညီလာခံကြီးမှ မြန်မာ့ပညာရေး တိုးတက်မြင့်မားရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို အကောင်အထည် ဖော်ဆောင်မည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ချမှတ်ပေးနိုင်ခဲ့ပါသည်။ တက်ရောက်လာသူများ၏ ဆွေးနွေးအကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ လက်ခံဆောင်ရွက်နိုင်ခဲ့ပါသည်။

ဤကဲ့သို့သော အကျိုးထူးများ ရရှိနိုင်မည့် "မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ-၂၀၂၄" ကို "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ပညာရေးကို ပိုမိုမြှင့်တင်ပေး" ဆိုသော ဦးတည်ချက်ဖြင့် ၂၀၂၄ခုနှစ် ဇွန် ၂၅ မှ ၂၇ ထိ သုံးရက်တိုင်တိုင်ကျင်းပရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ အဆိုပါ ညီလာခံကြီးကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

(၁) တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များ ပေါ်ထွန်းလာစေရန်
(၂) အရည်အသွေးပြည့်ဝသော ပညာရှင်များ မွေးထုတ်ပေးရန်
(၃) ထုတ်လုပ်မှုကို အထောက်အကူပြုမည့် သက်မွေး ပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်
(၄) အရည်အသွေးမြင့်မားသည့် ဆရာ၊ ဆရာမများ ပေါ်ထွန်းလာရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန်
(၅) သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ နည်းစနစ်များ ထာဝစဉ်ဆန်းသစ်နေစေရန်
(၆) အရည်အသွေးကို အာမခံသည့်ပညာရေးစနစ် ပိုမို အားကောင်းလာစေရန်
(၇) သုတေသနနှင့် တီထွင်ဆန်းသစ်မှုများ စဉ်ဆက်မပြတ် တိုးတက်နေစေရန်
(၈) ပညာရေးပတ်ဝန်းကျင်ကောင်း (Excellent Academic Atmosphere)ကို ဖန်တီးထားရှိပေးရန်

နိုင်ငံတော်၏ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု(Educational Reform) များကို ပြန်လည်ကြည့်ရှုပါက အတိုင်းအတာ တစ်ခုအထိ တိုးတက်မှုရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ပညာရေးကဏ္ဍတွင် သင်ရိုးညွှန်းတန်းအသစ်များကို နိုင်ငံတကာအဆင့်မီ၊ မိမိတို့နိုင်ငံ၏ သဘောသဘာဝနှင့် လိုက်လျောညီထွေစွာ ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။ KG+9 အစီအစဉ်ကို ၂၀၁၆-၁၇ ပညာသင်နှစ်မှ စတင်ခဲ့ပြီး၊ KG +12 အစီအစဉ်ကို ၂၀၂၃-၂၄ပညာသင်နှစ်တွင် အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ခဲ့ပါသည်။ ၂၀၂၄ခုနှစ် မတ်လတွင် Grade-12 သင်ရိုးသစ် အတန်းများ၏ အတန်းတင်စာမေးပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း မြင့်မြင့် မားမားဖြင့် အောင်မြင်ကြသည်ကို တွေ့ရပါသည်။ ထူးချွန်ကျောင်းသား(ခြောက်ဘာသာ၊ ငါးဘာသာ၊ လေးဘာသာဂုဏ်ထူးရှင်များ)ပေါ်ထွက်လာခဲ့ပါသည်။

ဤကဲ့သို့သော ပညာရေးဆိုင်ရာ ကောင်းမြတ်သည့် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ပါသည်။ ပညာရေးဝန်ကြီးဌာနနှင့် အခြားသော ဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် အောက်ပါတို့ကို မှတ်တမ်းပြုနိုင်ခဲ့ပါသည်။

(၁) ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရေး
(၂) KG + 9 ပြီးမြောက်သည်အထိ ပညာသင်ယူခွင့်ရရှိရေး
(၃) KG+9 ပြီးမြောက်ပါက မိမိတို့ဝါသနာပါသည့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ကျောင်းများသို့ တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း
(၄) တက္ကသိုလ်၊ကောလိပ်သိပ္ပံများ၏ ပညာရေးပတ်ဝန်းကျင် ဥပဒေရပ်ကောင်းမွန်ရေးကို ဆောင်ရွက်ပေးနိုင်ခြင်း
(၅) ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ လက်တွေ့ခန်းသုံး ပစ္စည်းကိရိယာများ ဖြည့်ဆည်းပေးနိုင်ခြင်း
(၆) စာကြည့်တိုက်၊ လက်တွေ့ခန်း၊ စာသင်ခန်းနှင့် နားနေခန်းများကို အဆင့်မီစွာ တည်ဆောက်ပေးနိုင်ခဲ့ခြင်း
(၇) သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ တိုးတက်မှု၊ အရည်အသွေးဆိုင်ရာ အကဲဖြတ်မှုများ၊ အရည်အသွေးဆိုင်ရာအာမခံမှု စသည်တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း
(၈) ဘာသာရပ်ဆိုင်ရာသုတေသနများကို ကျယ်ကျယ် ပြန့်ပြန့် တိုးချဲ့လုပ်ဆောင်နိုင်ခြင်း
(၉) သုတေသနလုပ်ငန်းများ ပရောဂျက်များအတွက် လိုအပ်သော သုတေသနထောက်ပံ့ငွေများ ခွင့်ပြုပေးခြင်း
(၁၀) ကျောင်းနေအရွယ်ကလေးငယ်အားလုံး စာသင်ယူခွင့်ရရှိရန် ဆောင်ရွက်ပေးခြင်း
(၁၁) အခြေခံပညာကျောင်းသားများအတွက် ကျောင်းဝတ်စုံ၊ ဗလာစာအုပ်နှင့် ပြဋ္ဌာန်းစာအုပ်(ဖတ်စာ စာအုပ်)များ အခမဲ့ပေးဝေနိုင်ခဲ့ခြင်း
(၁၂) ကျောင်းနေပျော်၍ စာတော်သည့် ထူးချွန်ထက်မြက်သော လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ခြင်း

ဖော်ပြပါ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊တိုးတက်အောင်မြင်မှု၊ ပညာရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာမှုသည် နိုင်ငံတော်ကြီး၏ အလားအလာကောင်းများ ဖြစ်ကြပေရာ ယင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရပါမည်။ မိဘ၊ ဆရာ၊ ကျောင်းသားနှင့် စီမံအုပ်ချုပ်သူ တာဝန်ရှိသူများ အားလုံးတို့က လက်တွဲညီညီ ဆက်လက်လုပ်ဆောင်သွားကြရန် လိုအပ်ပါသည်။

"မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ-၂၀၂၄" ကို ကြိုဆို ဂုဏ်ပြုလျက် ဤဆောင်းပါးကို ရေးသားလိုက်ရပါသည်။

နိုင်ငံတော်၏ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု (Educational Reform) များကို ပြန်လည်ကြည့်ရှုပါက အတိုင်းအတာတစ်ခုအထိ တိုးတက်မှုရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ပညာရေးကဏ္ဍတွင် သင်ရိုးညွှန်းတန်းအသစ်များကို နိုင်ငံတကာအဆင့်မီ၊ မိမိတို့နိုင်ငံ၏ သဘောသဘာဝနှင့် လိုက်လျောညီထွေစွာ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။ KG+9 အစီအစဉ်ကို ၂၀၁၆-၁၇ ပညာသင်နှစ်မှ စတင်ခဲ့ပြီး၊ KG +12 အစီအစဉ်ကို ၂၀၂၃-၂၄ပညာသင်နှစ်တွင် အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်နိုင်ခဲ့ပါသည်။ ၂၀၂၄ခုနှစ် မတ်လတွင် Grade-12 သင်ရိုးသစ် အတန်းများ၏ အတန်းတင်စာမေးပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အောင်ချက်ရာခိုင်နှုန်း မြင့်မြင့်မားမားဖြင့် အောင်မြင်ကြသည်ကို တွေ့ရပါသည်။

ပါမောက္ခ
ဒေါက်တာကိုကိုကြီး

# နိုင်ငံတကာ အားကစား သတင်းများ

## 2024 ecotrans Ladies Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Coco Gauff တက်ရောက်



**ဘာလင် ဇွန် ၂၁**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 ecotrans Ladies Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အမေရိကန်တင်းနစ်မယ် Coco Gauff တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်မယ် Coco Gauff သည် 2024 ecotrans Ladies Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ရုရှားတင်းနစ်မယ် Ekaterina Alexandrova အား ၇-၆၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။ (ဓါတ်ပုံ)

2024 ecotrans Ladies Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အမေရိကန်တင်းနစ်မယ် Coco Gauff နှင့် တူနီးရှား တင်းနစ်မယ် Ons Jabeur တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (NGB)

## ကယ်ပါအား တစ်ရာသီအငှားဖြင့် ခေါ်ယူရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဇွန် ၂၁**



ရီးရဲလ်မက်ဒရစ်အသင်းသည် ချဲလ်ဆီးအသင်း ဂိုးသမား ကယ်ပါအား တစ်ရာသီအငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၉)နှစ်အရွယ်ရှိ ဂိုးသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ချဲလ်ဆီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ အငှားသွားရောက်ကစားပြီး လက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက အငှားဖြင့် ခေါ်ယူရန် ထပ်မံစီစဉ်လာခြင်း ဖြစ်သည်။

ရီးရဲလ်မက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် ကယ်ပါအား တစ်ရာသီ အငှားစာချုပ်ဖြင့် ခေါ်ယူဖို့ စီစဉ်နေပါပြီ။ ချဲလ်ဆီးအသင်းနဲ့လည်း ဆွေးနွေးနေပါပြီ။ မကြာမီ အပြီးသတ်နိုင်တော့မှာပါ။ အသင်းအနေနဲ့လည်း ဈေးကွက်အတွင်း ကစားသမားတွေ ခေါ်ယူအားဖြည့်သွားမှာပါဟု ထုတ်ပြန်သည်။ (အပေါ်ပုံ)(NGB)

## အရှေ့တောင်အာရှ(ယူ-၁၆)ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၂-၆-၂၀၂၄ စနေနေ့ | မွန်းလွဲ ၂း၃၀ နာရီ | ဗီယက်နမ် – ဘရူနိုင်း |
| ။ | ည ၇း၀၀ နာရီ | မြန်မာ – ကမ္ဘောဒီးယား |

## စတိဗ်ကူးပါးအား နည်းပြသစ်အဖြစ် လက်စတာစီးတီးအသင်း ခန့်အပ်

**လီဆက်စတာ ဇွန် ၂၁**

လက်စတာစီးတီးအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ စတိဗ်ကူးပါးအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါနည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဆွမ်ဆီး၊ နော်တင်ဟမ်ဖော့ရက်စ်၊ အင်္ဂလန် U-16၊ အင်္ဂလန် U-17 အသင်းများအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လက်စတာစီးတီးအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။



အသက်(၄၄)နှစ်အရွယ်ရှိ နည်းပြစတိဗ်ကူးပါးက ကျွန်တော် လက်စတာစီးတီးအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လက်စတာစီးတီးအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါဟု ပြောသည်။ (ဓါတ်ပုံ) (NGB)

## ဘောလုံးသတင်း အတိုအထွာများ

* ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(က)အဖွင့်ပွဲစဉ်အဖြစ် အာဂျင်တီးနားအသင်းနှင့် ကနေဒါအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ကနေဒါအသင်းအား ၂ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

* အဲဗာတန်အသင်းသည် လိဒ်စ်အသင်း တောင်ပံကစားသမား ဂျက်ဟာရစ်ဆင်အား အငှားဖြင့်ထပ်မံ ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။ (NGB)

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်များ

နိုင်ကမ္ဘာ

### အုပ်စု(စ)ပွဲစဉ်များ

ပွဲစဉ်(၁)ရလဒ် – တူရကီယဲ ၃-၁ ဂျော်ဂျီယာ ပေါ်တူဂီ ၂-၁ ချက်

**ဂျော်ဂျီယာ - ချက်**

ဇွန်လ ၂၂ ရက်(စနေနေ့) ည ၇း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု မရှိပါ။**

ကမ္ဘာ့အဆင့်(၇၄)ရှိသည့် ဂျော်ဂျီယာအသင်းနှင့် ကမ္ဘာ့အဆင့်(၃၄)ရှိသည့် ချက်အသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ နှစ်သင်းတွေ့ဆုံမှု မရှိသော်လည်း ကမ္ဘာ့အဆင့်အရ ချက်တို့ အသာရနေ၍ ချက်တို့ ပြတ်သားစွာ အနိုင်ရမည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ဂျော်ဂျီယာ–ရှုံး၊နိုင်၊နိုင်၊နိုင်၊ရှုံး ချက်–နိုင်၊နိုင်၊နိုင်၊နိုင်၊ရှုံး

**တူရကီယဲ - ပေါ်တူဂီ**

ဇွန်လ ၂၂ ရက်(စနေနေ့) ည ၁၀း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၁၉၆၅ | တူရကီယဲ | ၀-၁ | ပေါ်တူဂီ | ၅-၁ | တူရကီယဲ | (ကမ္ဘာ့ဖလား ၁၉၆၆ အုပ်စု) |
| ၁၄-၆-၁၉၉၆ | ပေါ်တူဂီ | ၁-၀ | တူရကီယဲ | | | (ယူရို ၉၆ အုပ်စု) |
| ၂၄-၆-၂၀၀၀ | တူရကီယဲ | ၀-၂ | ပေါ်တူဂီ | | | (ယူရို ၂၀၀၀ ကွာတား) |
| ၈-၆-၂၀၀၈ | ပေါ်တူဂီ | ၂-၀ | တူရကီယဲ | | | (ယူရို ၂၀၀၈ အုပ်စု) |
| ၂၅-၃-၂၀၂၂ | ပေါ်တူဂီ | ၃-၁ | တူရကီယဲ | | | (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့်(၄၂)ရှိသည့် တူရကီယဲအသင်းနှင့် ကမ္ဘာ့အဆင့်(၆)ရှိသည့် ပေါ်တူဂီအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၇)ကြိမ် ဆုံတွေ့ခဲ့ရာ တူရကီယဲက ခြေစမ်းပွဲ (၁)ကြိမ်သာ အနိုင်ရပြီး (၆)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရရော ခြေစွမ်းပါသာနေသည့် ပေါ်တူဂီတို့ အနိုင်သေချာသည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

တူရကီယဲ–ရှုံး၊ရှုံး၊သရေ၊ရှုံး၊နိုင် ပေါ်တူဂီ–ရှုံး၊နိုင်၊ရှုံး၊နိုင်၊နိုင်

### အုပ်စု(င)ပွဲစဉ်

ပွဲစဉ်(၁)ရလဒ် – ရိုမေးနီးယား ၃-၀ ယူကရိန်း ဘယ်လ်ဂျီယံ ၀-၁ ဆလိုဗက်ကီးယား

**ဘယ်လ်ဂျီယံ - ရိုမေးနီးယား**

ဇွန်လ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၀၁း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၁၉၉၂-၉၃ | ဘယ်လ်ဂျီယံ | ၁-၀ | ရိုမေးနီးယား | ၂-၁ | ဘယ်လ်ဂျီယံ | (ကမ္ဘာ့ဖလား ၉၄ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့်(၃)ရှိသည့် ဘယ်လ်ဂျီယံအသင်းနှင့် ကမ္ဘာ့အဆင့်(၄၇)ရှိသည့် ရိုးမေးနီးယားအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၇)ကြိမ် ဆုံတွေ့ခဲ့ရာ ဘယ်လ်ဂျီယံက (၂)ကြိမ် အနိုင်ရထားပြီး (၂)ကြိမ် သရေကျကာ (၃)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ ရိုမေးနီးယားက အသာရနေသော်လည်း အနိုင်ရသည့်ပွဲများမှာ ခြေစမ်းပွဲများဖြစ်နေသည့်အပြင် ကမ္ဘာ့အဆင့်ကလည်း ကွာခြားနေ၍ အဖွင့်ပွဲစဉ်က မထင်မှတ်ဘဲ အရှုံးနှင့် ရင်ဆိုင်ထားရသော ဘယ်လ်ဂျီယံတို့ အနိုင်ပွဲရမှာ သေချာသည့် ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

ဘယ်လ်ဂျီယံ–သရေ၊သရေ၊နိုင်၊နိုင်၊ရှုံး ရိုးမေးနီးယား–သရေ၊ရှုံး၊သရေ၊သရေ၊နိုင်

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်)

နိုင်ကမ္ဘာ

### အုပ်စု(ခ)ပွဲစဉ်များ

**အီကွေဒေါ - ဗင်နီဇွဲလား**

ဇွန်လ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၁၈-၇-၂၀၀၁ | အီကွေဒေါ | ၄-၀ | ဗင်နီဇွဲလား | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၁၀-၇-၂၀၁၁ | ဗင်နီဇွဲလား | ၁-၀ | အီကွေဒေါ | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၂၁-၆-၂၀၂၁ | ဗင်နီဇွဲလား | ၂-၂ | အီကွေဒေါ | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၁၇-၁၁-၂၀၂၃ | ဗင်နီဇွဲလား | ၀-၀ | အီကွေဒေါ | (ကမ္ဘာ့ဖလား ၂၀၂၆ ခြေစစ်ပွဲ) |

ကမ္ဘာ့အဆင့်(၃၀)ရှိသည့် အီကွေဒေါအသင်းနှင့် ကမ္ဘာ့အဆင့်(၅၄)ရှိသည့် ဗင်နီဇွဲလားအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၂၁)ကြိမ် ဆုံတွေ့ခဲ့ရာ အီကွေဒေါက (၁၀)ကြိမ် အနိုင်ရထားပြီး (၅)ကြိမ် သရေကျကာ (၆)ကြိမ် ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ အီကွေဒေါတို့ အသာရနေသော်လည်း တောင်အမေရိကအသင်းများ တွေ့ဆုံမှုဖြစ်၍ ခြေစွမ်းမကွာလှသဖြင့် သရေကျရန် ရာခိုင်နှုန်းများနေပြီး အနိုင်ဆိုပါက အီကွေဒေါကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

အီကွေဒေါ–နိုင်၊ရှုံး၊ရှုံး၊နိုင်၊နိုင် ဗင်နီဇွဲလား–သရေ၊သရေ၊ရှုံး၊ရှုံး၊သရေ

**မက္ကဆီကို - ဂျမေကာ**

ဇွန်လ ၂၃ ရက်(တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀၂၁-၂၂ | မက္ကဆီကို | ၂-၁ | ဂျမေကာ | ၁-၂ | မက္ကဆီကို | (ကမ္ဘာ့ဖလား ၂၀၂၂ ခြေစစ်ပွဲ) |
| ၂၀၂၂-၂၃ | ။ | ၂-၂ | ။ | ၁-၁ | ။ | (ကွန်ကာကပ်နေရှင်းလိဂ် အုပ်စု) |
| ၁၃-၇-၂၀၂၃ | ဂျမေကာ | ၀-၃ | မက္ကဆီကို | | | (ကွန်ကာကပ်ရွှေဖလား ဆီမီး) |

ကမ္ဘာ့အဆင့်(၁၅)ရှိသည့် မက္ကဆီကိုအသင်းနှင့် ကမ္ဘာ့အဆင့်(၅၃)ရှိသည့် ဂျမေကာအသင်းတို့သည် ခြေစမ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၃၃)ကြိမ် ဆုံတွေ့ခဲ့ရာ မက္ကဆီကိုက (၂၄)ကြိမ် အနိုင်ရထားပြီး (၅)ကြိမ် သရေကျကာ (၄)ကြိမ်သာ ရှုံးနိမ့်ထားသည့်အတွက် အစဉ်အလာအရ မက္ကဆီကိုတို့ အသာရနေသည့်အတွက် မက္ကဆီကို အနိုင်ရမည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်**

မက္ကဆီကို–နိုင်၊ရှုံး၊နိုင်၊ရှုံး၊ရှုံး ဂျမေကာ–သရေ၊ရှုံး၊နိုင်၊နိုင်၊နိုင်

## ငွေနှလအတွက် ပင်စင်လစာငွေများ မြန်မာ့စီးပွားရေးဘဏ်များမှ တိုကင်စနစ်ဖြင့်ထုတ်ပေး

**မန္တလေး ဇွန် ၂၁**

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်များက လစဉ်ရုံးဖွင့်ရက် ၂၁ ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် ဘဏ်ဖွင့်ရက်များတွင် လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ ပင်စင်လစာငွေကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ လိုအပ်ချိန်တွင် အဆိုပါငွေစာရင်းမှထုတ်ယူခြင်း၊ ATM စာရင်းဖွင့်၍ ATM စက်မှထုတ်ယူခြင်း၊ Myanmar Mobile Money စနစ်နှင့် Wave Money စနစ်အသုံးပြု၍ နီးစပ်ရာအေးဂျင့်များတွင်လည်း ထုတ်ယူနိုင်သည်။

မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်လစာငွေစတင်ထုတ်ပေးသည့် ၂၁ရက်နေ့ တစ်နေ့တည်းတွင် လာရောက်ထုတ်ယူခြင်းကြောင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းများဖြစ်ပေါ်နေကြောင်း တွေ့ရှိရသဖြင့် ဘဏ်ခွဲများတွင် ငွေပေးကောင်တာများ တိုးချဲ့ခြင်း၊ ဇွန်လအတွက် ပင်စင်လစာထုတ်ယူရမည့် နေ့ရက်နှင့် အချိန်သတ်မှတ်ထားသည့် တိုကင်များကို ပင်စင်စားများထံ ဖြန့်ဝေပေးခဲ့ပြီး အငြိမ်းစားများ အချိန်ကြာမြင့်စွာစောင့်ဆိုင်းထုတ်ယူရန်မလိုဘဲ တိုကင်တွင် ဖော်ပြထားသော ဇွန်လဘဏ်ဖွင့်ရက်နှင့်အချိန်တွင် လာရောက်ထုတ်ယူခြင်းဖြင့် လွယ်ကူအဆင်ပြေစွာထုတ်ယူနိုင်ခြင်း၊ Centralized/ePension စနစ်ဖြင့် မန္တလေးမြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘဏ်ခွဲ(၉၀)တို့တွင်လည်း ထုတ်ယူခအခမဲ့ဖြင့် ပြောင်းလဲထုတ်ယူနိုင်ကြောင်း သိရသည်။ (ဝဝံ)

(ဝ၄၅)





## ရေသွင်းစိုက်ပျိုးထွက်ရှိလာသည့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိကာ အရောင်းသွက်

**မန္တလေး ဇွန် ၂၁**

၂၀၂၄ ခုနှစ် ပဲရာသီတွင် နယ်စုံဒေသမှ ရေသွင်းစိုက်ပျိုးပြီး ထွက်ရှိလာသည့် သီးထပ်မတ်ပဲအသစ်များ မန္တလေးဈေးကွက်အတွင်း ဈေးကောင်းများရရှိကာ အရောင်းအဝယ်များ သွက်လက်ကောင်းမွန်နေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ သီးထပ်မတ်ပဲများသည် ဈေးကွက်အတွင်းသို့ ယခုဇွန်လမှစ၍ လှိုင်လှိုင်ဝင်ရောက်လာပြီး အထွက်နှုန်းနှင့် အရည်အသွေးပိုင်းများ ကောင်းမွန်လျက်ရှိသည့်အပြင် ဈေးကောင်းများလည်း ရရှိနေကြောင်း၊ ယနေ့တွင် သီးထပ်မတ်ပဲဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ ဈေးနှုန်းထိမြင့်တက်ကာ ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။

"တပေါင်းလပြည့်ကျော်က စိုက်ခဲ့တဲ့ ရေသွင်းမတ်ပဲတွေ မန္တလေးဈေးကွက်ကို ဝင်ရောက်လာပြီး ဈေးကောင်းရရှိနေပါတယ်။ရေသွင်းစိုက်ပျိုးခဲ့တဲ့ သီးနှံဖြစ်ပါတယ်။တောင်သူတွေ မတ်ပဲကို သီးထပ်စိုက်ပျိုးလို့ အောင်မြင်တဲ့ နှစ်လည်းဖြစ်တယ်။ အိန္ဒိယနိုင်ငံနဲ့ ဥရောပနိုင်ငံတွေက ဝယ်လိုအားကောင်းကောင်းနဲ့ ဝယ်ယူလာတာကြောင့် ဈေးကောင်းရနေတာပါ။အဲဒါကြောင့် မတ်ပဲဟာ အခါတိုင်းနှစ်ထက် မတူဘဲ ဝယ်လိုအားများပြားနေပြီး ဈေးနှုန်းမြင့်တက်လာနေတာဖြစ်တယ်။ သီးထပ်အနေနဲ့ စိုက်ပျိုးတာ အောင်မြင်ဖြစ်ထွန်း ဈေးကောင်းရရှိနေတာကြောင့် တောင်သူတွေ အကျိုးအမြတ်ရရှိတဲ့ နှစ်လို့ပြောလို့ရပါတယ်။ အပိုဝင်ငွေလည်းရရှိနေပါတယ်။ ဒါကြောင့် လာမယ့်နှစ်မှာ တောင်သူတွေ တိုးချဲ့စိုက်ပျိုးသင့်ပါတယ်"ဟု ၎င်းက ပြောသည်။

လက်ရှိ မန္တလေးပဲဈေးကွက်သို့ ရေသွင်းစိုက်ပျိုးသည့် သီးထပ်မတ်ပဲများ စတင်ဝင်ရောက်လာသည့် ဒေသများမှာ ပခုက္ကူ၊ ရေစကြို၊ မြောင်၊ မတ္တရာစသည့်နယ်များနှင့် စဥ့်ကူးနယ်များမှ ဝင်ရောက်နေကြောင်း၊ မတ်ပဲကို မြန်မာနိုင်ငံအထက် အညာဒေသများတွင်သာမက မြန်မာနိုင်ငံအောက်ပိုင်းဒေသများဖြစ်သည့် ဧရာဝတီ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်း စိုက်ပျိုးထွက်ရှိကြောင်း၊ သီးထပ်အနေဖြင့် အထက်အညာဒေသများတွင်သာ စိုက်ပျိုးကြပြီး၊ အဆိုပါမတ်ပဲသည် မြန်မာပြည်၏ ပဲသီးနှံတင်ပို့မှုတွင် အများဆုံးဖြစ်ကာ နိုင်ငံခြားဝင်ငွေရှာဖွေပေးသည့်နေရာတွင် နံပါတ်တစ်နေရာ၌ ရပ်တည်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ပန်းမိုးပြာ

## ပြည်တွင်းပဲ၊ နှမ်းဈေးကွက် အပြောင်းအလဲမရှိ အမြင့်ဈေးနှင့် တည်ငြိမ်နေသော်လည်း မြေပဲဆန်ဈေးကောင်းလာ

ပြည်တွင်းပဲ၊ နှမ်းဈေးကွက် အပြောင်းအလဲမရှိ အမြင့်ဈေးနှင့်တည်ငြိမ်နေသော်လည်း မြေပဲဆန်ဈေးကောင်းလာကြောင်း ပဲကုန်သည်များထံက သိရသည်။

ပြည်တွင်းသို့ စားအုန်းဆီတင်သွင်းမှုလျော့ချတာကြောင့် ပြည်တွင်း ပဲဆီဝယ်လိုအားကောင်းလာတာနှင့်အတူ မြေပဲဆန်ဈေးကောင်းလာခြင်းဖြစ်သည်။ အသစ်ဝင်မြေပဲဆန်နည်းလာတာကြောင့်လည်း လက်ရှိပေါက်ဈေးမှာ မြင့်တက်လာခြင်းဖြစ်သည်။

ပြည်တွင်းပဲ၊နှမ်းဈေးကွက်မှာ ဈေးနှုန်းအပြောင်းအလဲမရှိ အမြင့်ဈေးနှင့် တည်ငြိမ်နေသော်လည်း ပြည်တွင်းသုံး မြေပဲဆန်များမှာ ဈေးကောင်း အဝယ်သွက်လာကြောင်း၊ ဈေးကျဆင်းနေသည့် ပြည်တွင်းသုံး ပဲမာလိုင်းများလည်း အနည်းငယ် အဝယ်ကောင်းလာသည်။ လက်ရှိမှာ ငွေပေးချေမှု အခက်အခဲအချို့ကြောင့် ပဲကုန်သည်များ စောင့်ကြည့်ဝယ်ယူနေကြခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပြည်တွင်းပဲဈေးကွက် ဈေးနှုန်းတွေက ထူးခြားတာမရှိပါဘူး။ ပြည်တွင်းသုံး ကုလားပဲတွေကလည်း ဈေးနှုန်း အနည်းငယ်ကျဆင်းပါတယ်။ ပို့ကုန်ပဲတွေလည်း ငွေပေးချေမှုတွေကြောင့် စောင့်ကြည့်နေတဲ့ အခြေအနေပါ။ ပြည်တွင်းသုံး မြေပဲဆန်တွေကတော့ သွပ်သွပ်လက်လက် ဈေးရောင်းကောင်းနေပါတယ်။ စားအုန်းဆီလျှော့သွင်းတော့ မြေပဲဆီက ပိုရောင်းကောင်းလာတယ်။ ပို့ကုန်မတ်ပဲနဲ့ ပဲစင်းငုံကတော့ ထူးထူးခြားခြား ဈေးတက်တာမရှိတော့ပါ"ဟု ၎င်းက ပြောသည်။

ဇွန် ၂၀ ရက်တွင် ပို့ကုန်ပဲများ အနည်းငယ် ဈေးကျဆင်းနေရာပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၁၅၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၃၅၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီစိမ်းရွှေဝါ တစ်အိတ်လျှင် ငွေကျပ် ၂၁၄၀၀၀၊အညာ တစ်အိတ်လျှင် ငွေကျပ် ၁၉၈၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ ဆက်လက်ဈေးပြန်မြင့်တက်လာရာ ဇွန် ၂၀ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၅၄၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၂၆၃၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၃၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၄၃၀၀၀ အသီးသီး ပေါက်ဈေးရှိလာသည်။

မြေပဲဆန်တစ်မျိုးသာ အရောင်းအဝယ်ကောင်းနေပြီး ပြည်တွင်းသုံးပဲမာလိုင်းများမှာ ပုံမှန်အရောင်းအဝယ် ပုံမှန်သာရှိနေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၁၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၂၉၅၀၀၀၊ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၇၆၀၀ ပေါက်ဈေးရှိနေသည်။

ဇွန် ၂၀ ရက်တွင် နှမ်းမျိုးစုံ အနည်းငယ်ဆက်လက် မြင့်တက်လာရာနှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင်ငွေကျပ်၄၄၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၃၅၀၀၀၊ နှမ်းနက်စမုန်တစ်အိတ်လျှင်ငွေကျပ် ၄၆၅၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။ **(အောက်ပုံ) ရွှေမန်း**



## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့်ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရုံးကြီး၊ ၂၆ လမ်းနှင့်၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။




အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန် ရောင်းချပေးသွားမည်ဖြစ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)



## အိန္ဒိယသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် မြန်မာ့ပြောင်းတင်ပို့နေ

အိန္ဒိယနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် မြန်မာ့ပြောင်း စတင်တင်ပို့နေကြောင်း ပြောင်းကုန်သည်များထံက သိရသည်။

တမီးလ်နာဒူပြည်နယ်၊သွတ်သုခုဒိကဗီအိုချစ်ဒမ်ဘရာနာ ဆိပ်ကမ်းကို မြန်မာ့ပြောင်းဆန်တင်သင်္ဘော၁သုံးစင်းရောက်ရှိခဲ့ပြီး ဇူလိုင်လမှာ နောက်ထပ်သင်္ဘောတွေ ဆိုက်ကပ်လာရန် ရှိနေသည်။

နှစ်နိုင်ငံသဘောတူညီမှုအရ အိန္ဒိယကို အခွန်ကင်းလွတ်ခွင့်နှင့် ပြောင်းတန်ချိန် သုံးသိန်း တင်ပို့သွားမှာဖြစ်ပြီး စာချုပ်အရ ဝယ်ယူမည့် ပြောင်းဆန် တစ်တန်ဈေးအဖြစ် အမေရိကန်ဒေါ်လာ ၂၆၈ သတ်မှတ်ထားသည်။

အိန္ဒိယက အခြားနိုင်ငံတွေကနေ ပြောင်းတင်သွင်းရာမှာ အကောက်ခွန် ၆၀ ရာခိုင်နှုန်း အပြင် စုပေါင်းကုန်စည်နှင့် ဝန်ဆောင်မှုအခွန် ၅ ရာခိုင်နှုန်း၊ လူမှုဖူလုံရေးထပ်ဆောင်းအခွန် ၁၀ ရာခိုင်နှုန်း စုစုပေါင်း ၇၅ ရာခိုင်နှုန်းအထိ ကောက်ခံလျက်ရှိသည်။

ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် အိန္ဒိယ၏ အကောက်ခွန်ကင်းလွတ်ခွင့်အစီအစဉ်အရ မြန်မာ့ပြောင်းဆန်တွေကို အခွန်ကင်းလွတ်ခွင့်ရှိကြောင်း အိန္ဒိယကုန်သွယ်မှုအသင်းအဖွဲ့တစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းလာမည့် ပြောင်းတန် သုံးသိန်းထဲက ပထမအသုတ်ကို တိရစ္ဆာန်အစာအတွက် သတ်မှတ်ထားပြီး ဒုတိယအသုတ် တင်သွင်းလာမယ့်ပြောင်းတွေကို အီသနောလောင်စာထုတ်လုပ်ရေးမှာ အသုံးပြုသွားမည်။

အိန္ဒိယ၏ ကြက်မွေးမြူရေးကဏ္ဍတစ်ခုတည်းမှာပင် ပြောင်းဝယ်လိုအားက နှစ်စဉ်တိုးလာနေပြီး အဆိုပါကဏ္ဍမှာ ဝယ်လိုအားက ခန့်မှန်းခြေ ပြောင်းတန်ချိန် ၁၆ သန်းခန့် ရှိနေသည်။

ပြည်တွင်းက ထွက်ရှိသည့် ပြောင်းတန်ချိန် စုစုပေါင်းရဲ့ ၇၅ ရာခိုင်နှုန်းကို ထိုင်းနိုင်ငံက ခွင့်ပြုပေးထားသော အခွန်ကင်းလွတ်ခွင့်ကာလ မတ်လကနေ ဩဂုတ်လအတွင်း အများဆုံးရောင်းချတင်ပို့လျက်ရှိသည်။

ယခင်က မြဝတီလမ်းကြောင်းကနေ နယ်စပ်ကတစ်ဆင့် ပြောင်းကားရာနှင့်ချီသယ်ယူပို့ဆောင်ခဲ့သော်လည်း လက်ရှိမှာ လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် တာချီလိတ်နယ်စပ်ကနေ ပြောင်းလဲတင်ပို့နေရသလို ပင်လယ်ရေလမ်းကြောင်းကနေ တင်ပို့နေခြင်းဖြစ်သည်။

ပြီးခဲ့တဲ့နှစ်အတွင်း နယ်စပ်ကုန်သွယ်ရေးဂိတ်တွေအနေနဲ့ ထိုင်းနဲ့ တရုတ်နိုင်ငံအပါအဝင် ဗီယက်နမ်၊ ဖိလစ်ပိုင်တို့ကို ပင်လယ်ရေကြောင်းကနေ ပြောင်းတန်ချိန် ၂ ဒသမ ၅ သန်းကျော် ရောင်းပေးနိုင်ခဲ့ကြောင်း စီးပွား/ကူးသန်းက ထုတ်ပြန်ထားသည်။

(အပေါ်ပုံ)

ရွှေမန်း

ဝ-ဝ-ဝ-ဝ-ဝ

## သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ပင်လောင်း ဇွန် ၂၁**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဇွန် ၂၀ ရက် နံနက် ၁၀ နာရီက မြို့မဈေးရှေ့ မင်းလမ်းပေါ်နှင့် ဈေးအတွင်းသို့ ဈေးရောင်းဈေးဝယ်သူများအား ဖြန့်ဝေပေးသည်။

သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်တွင် သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်များ၊ သန်းခေါင်စာရင်း ထည့်ကောက်ရမည့်သူများ၊ ထည့်မကောက်ရမည့်သူများ၊ ၂၀၂၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ၊ စာရင်းကောက်ယူမည့်မေးခွန်းများ၊ စာရင်းကောက်များသည် မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်းအိမ်တိုင်ရာရောက် Mobile Tablet များ အသုံးပြု၍ ကောက်ယူခြင်းနှင့် သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ရက်ထိ ကောက်ယူမည့်အစီအစဉ် စသည်များ ရေးသားဖော်ပြထားကြောင်း၊ အဆိုပါလက်ကမ်းစာစောင်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖြန့်ဝေပေးခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မြေစိုက်ပြဘုတ်တွင်လည်း အများပြည်သူ ဖတ်ရှုသိရှိနိုင်ရန် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာနှင့်ပတ်သက်သည့် ကြော်ငြာပိုစတာများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၃၆၈)



## Green EnergyExpo2024 ကျင်းပမည်

**မန္တလေး ဇွန် ၂၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်း၊ ၃၃လမ်းနှင့် ၃၄လမ်းကြား၊ ရတနာပုံစုပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ဇွန် ၂၀ ရက် နံနက် ၁၀နာရီခွဲက အသင်းဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်များ၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးဝင်းဌေး၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌက Mandalay Green Energy Expo2024 ကျင်းပရေးဆိုင်ရာများကို တင်ပြရာ တက်ရောက်လာသူများက အကြံပြုဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ Mandalay Green Energy Expo 2024 ပြပွဲကို ချမ်းမြသာစည်မြို့နယ်၊ ၁၀၁လမ်း(သိပ္ပံလမ်း)ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာခန်းမတွင် ဩဂုတ် ၁၈ ရက်နှင့် ၁၉ရက်များတွင် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ EV မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ပစ္စည်းများ၊ ဆိုလာများကို ပြည်တွင်း၊ ပြည်ပကုမ္ပဏီများက ဈေးကွက်မိတ်ဆက်ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ (၀၄၅)

## သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် ကမ်းနားလမ်းသန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**မန္တလေး ဇွန် ၂၁**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် သင်္ဂဇာချောင်း၊ ကန်တော်ကြီးနှင့် တောင်သမန်ကန် ရေအရည်အသွေးကောင်းမွန်ရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လုပ်ငန်းကော်မတီဖွဲ့စည်း၍ လုပ်ငန်းများကို စီမံချက်ချမှတ်ပြီး လုပ်ငန်းကဏ္ဍအသီးသီးအလိုက် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် ယမန်နေ့က သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် အောင်မြေသာစံမြို့နယ်သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် သင်္ဂဇာချောင်း အလယ်ပေါင်တံတားအနောက်ဘက် ချောင်းအတွင်းမှ ဗေဒါ၊ ဒိုက်နှင့်အမှိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းခြင်း၊ ၂၅လမ်းနှင့်၂၆လမ်းကြား ချောင်းအတွင်းမှ ဗေဒါနှင့် ဒိုက် များကို Longarm စက်နှင့်ဝိုးဘတ်ဟိုး စက်အသုံးပြု၍ ဆယ်ယူရှင်းလင်းခြင်းနှင့် သင်္ဂဇာချောင်းသာယာလှပရေးအတွက် ၂၂လမ်းနှင့် ၂၆လမ်းကြားရှိ အမှိုက်ဒိုက်နှင့် ဗေဒါများကို လုပ်သားများက သိမ်ဆည်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် သင်္ဂဇာချောင်းရေစီးရေလာကောင်းမွန်ရေးအတွက် သင်္ဂဇာချောင်းအနောက်ဘက်ပတ်လမ်း ၃၄လမ်းနှင့်၃၅လမ်းကြား ချောင်းအတွင်း ဗေဒါနှင့်ဒိုက်များကို လုပ်သားများက ဆယ်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

သင်္ဂဇာချောင်းသည် ကန်တော်ကြီးအတွင်း စီးဝင်သည့်ချောင်းတစ်ခုဖြစ်ပြီး အလားတူ ရွှေတချောင်းမြောင်း၊ တက်မြောင်း၊ ငွေတချောင်းမြောင်း၊ ရေကြည်မြောင်းများသည်လည်း စီးဝင်သဖြင့် ရေစီးရေလာကောင်းမွန်စေရေး ချောင်းကို မြောင်းရေနှင့် ဆေးချသည့်နည်းအသုံးပြု ဆောင်ရွက်ထားသည်။

ကန်တော်ကြီးသာယာလှပရေးအတွက် ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန တာဝန်ရှိသူများသည် ကန်တော်ကြီးတောင်ဘက်ကန်ရှိ ဗေဒါများကို လူအင်အား ၃၀ ဦးနှင့် ဘက်ဟိုးစက် တစ်စီး အသုံးပြု၍ ကမ်းကပ်ဆယ်ယူရှင်းလင်းရာ တန် ၇၀ ခန့် ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ဗေဒါဖြတ်စက် တစ်စီးအသုံးပြု၍ ဖြတ်တောက်ဆောင်ရွက်ရာ တစ်ဧကခွဲခန့်ဖြတ်တောက်ဆောင်ရွက်နိုင်ခဲ့သည်။

ကမ်းနားလမ်းသာယာလှပရေးအတွက် ဇုန်များသတ်မှတ်၍ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နေ့လယ်ပိုင်းက ချမ်းအေးသာစံမြို့နယ် သန့်ရှင်းရေးဌာန တာဝန်ရှိသူများသည် ဇုန်(၂) ၂၆လမ်းနှင့်၂၇လမ်းကြား လမ်းဘေးဝဲ၊ ယာနှင့် လမ်းလယ်ကျွန်းနေရာများတွင် ဖုန်၊ သဲ၊ အမှိုက်များ တံမြက်လှည်းခြင်း၊ အမှိုက်ကောက်ဆောင်ရွက်ခြင်းနှင့် သိမ်းဆည်းခြင်း လုပ်ငန်းများကို လုပ်သားများက စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ) (မန္တလေးနေ့စဉ်-၃)



အမှိုက်
မပစ်ခင်
တွေးတော
ဆင်ခြင်။

# ကဗျာရေးသော မင်းတုန်းမင်း

**မန္တလေး(ရတနာပုံ)မြို့တည် မင်းတုန်းမင်းသည် စိတ်သဘောထား သိမ်မွေ့သူဖြစ်သည်။ ပဉ္စမသံဂါယနာတင်သည့် ကြီးမားသောဆောင်ရွက်နိုင်မှုက မင်းတုန်းမင်း၏ ဘာသာ သာသနာ အပေါ် ရိုသေကိုင်းရှိုင်းသူဖြစ်ကြောင်း သက်သေဟု ပြောရမည်။ မင်းတုန်းမင်း၏ အမွေကိုဆက်ခံလျက် မန္တလေးသားတို့သည် ယနေ့တိုင် လှူရေး၊ တန်းရေး၊ ဘာသာရေး၊ လူမှုရေးတို့တွင် လက်မနှေးကြဟု ဆိုရမည်။**



မင်းတုန်းမင်းတွင် နန်းရမိဖုရား ၄ ပါး အပါအဝင် မိဖုရားပေါင်း ၄၉ ဦး ရှိသည်ကို အကြောင်းပြု၍ ပျက်လုံးထုတ်ကာ မိဖုရားများသော ဘုရင်ဟု ဆိုကြပြီး နန်းတွင်းသမားတော်ကြီး ဆရာခဲ၏ ခွန်အားတိုးဆေးအကြောင်းပင် ပါလိုက်သေးသည်။ အမရပူရမြို့တည် ဗဒုံမင်းမှာလည်း မိဖုရားနှင့် ကိုယ်လုပ်တော် ပေါင်း ၅၄ ဦးရှိသည်ကို သတိထားမိလျှင် ယခုကဲ့သို့ ပျက်လုံးထုတ်ကြလိမ့်မည် မဟုတ်ပါချေ။ မင်းဖြစ်လာလျှင် မင်းနှင့်ထိုက်တန်သောအဆောင်အယောင်တို့ဖြင့် ခံစားစံစားရသည်ဖြစ်ရာ "ရေမြေသနင်း ပြည့်ရှင်မင်း" ဟု ရာဇဝင်ဇာတ်ခင်းကြသည်။

ဘုရင်မင်းများတွင် ခစားရသော မြို့စားနယ်စားတို့က ဆွေမျိုးတော်စပ်ရေးအတွက်လည်းကောင်း၊ ချစ်ခင်ရင်းနှီးမှုအတွက်လည်းကောင်း သူတို့၏သမီးကညာများကို ဆက်သလေ့ရှိကြသည်။ ထိုဆက်သမှုကို ငြင်းဆန်ခြင်းပြုရန် မသင့်လျော်၍ လက်ခံခြင်းဖြင့် မိဖုရားများလာသည်ဟု ဆိုရမည်။ကိုယ်တိုင် ချစ်မြတ်နိုး၍ ကောက်ယူသော မိဖုရားက သီးသန့်ရှိသည်။

မိဖုရားခေါင်ကြီး၊ အလယ်နန်းမိဖုရား၊ တောင်နန်းစံ၊ မြောက်နန်းစံ မိဖုရားများလည်းရှိသည်။ မိဖုရားထားပုံမှာ (၁)တောင်နန်းတော်မိဖုရား (၂)မြောက်နန်းတော်မိဖရား (၃)အလယ်နန်းတော်မိဖုရား (၄)အနောက်နန်းတော်မိဖုရားဟူ၍ရှိပြီး အဆောင်ရမိဖုရားများတွင် (၁)တောင်ဆောင်တော်မိဖုရား (၂)မြောက်ဆောင်တော်မိဖုရား (၃)တောင်ရွှေရေးဆောင်မိဖုရား (၄)မြောက်ရွှေရေးဆောင်မိဖုရားဟူ၍ ရှိသည်။ ကျန်မင်းမိန်းမများကို ကိုယ်လုပ်တော်ဟု သိမ်းကြုံးခေါ်ဆိုသည်ဟု ဆိုသည်။

ရှေးက ပျို့၊ ကဗျာ၊ လင်္ကာ၊ တေးထပ် ရေးသားကြသူများသည် ယနေ့ခေတ်အခေါ် ကဗျာရေးသူ(သို့မဟုတ်)ကဗျာဆရာများဟု ဆိုရမည်။ ထိုခေတ်အခါက စာဆိုတော်ဟု ဆိုကြလေသည်။ မင်းတုန်းမင်းသည် ကဗျာတေးထပ်ဖွဲ့ဆို၍ သူ၏မိဖုရားများကို ပုံဖော်စပ်ဆိုခဲ့သည့် တေးထပ် ၃ ပုဒ် ရှိပြီး သူ၏မိဖုရားခေါင်ကြီး စကြာဒေဝီ၊ အလယ်နန်းမိဖုရား ဆင်ဖြူမရှင်နှင့် မြောက်နန်းမိဖုရားတို့အတွက် ရေးစပ်ခဲ့ကြောင်း မှတ်တမ်းများအရ သိရသည်။

**စကြာဒေဝီမိဖုရားဘွဲ့ တေးထပ်**

ဘီးပုံတော် ခွေ
ဆံပတ်ကယ်နှင့် ကြွေမတတ်မူရာ
ရွှေနားကပ် မကူသာပေါင် မဟူရာ ဆင်၍
သိမ်ရေကျ ရောစီးခြုံတယ်
ကြော့နည်းပုံ ဆန်းလိုက်ပါပေ့။
ဝတ်လဲတော် ကြိုးအဝါ
ခိုးနံ့သာ မသွေ့။
ရိုးရာသည် ဓလေ့မို့ ပြကတေ့ ယဉ်ပြန်
မျက်လုံးတော် တစ်မူသစ်တာက
ဇမ္ဗူရစ် သိန်းမကတန်။
ရွှေနန်းသူ ချောရှာဟန်မှာ
သောတာပန် မိသူငွေးကဲ့သို့
မြေးရှစ်ကျိပ်ရတောင်ကွယ် ရှေးကထက် ငယ်။
လေးဆယ်ပြည့် ဇရာရွယ်တောင်
ကညာမယ် သာဘူး ဖျော့လေး ဟူ၍ ရေးစပ်

ခဲ့သည်။

ထိုတေးထပ်မှာ မင်းတုန်မင်းနန်းတက်စက ရေးစပ်ခဲ့သည့် စကြာဒေဝီမိဖုရားကြီးဘွဲ့ တေးထပ်ဖြစ်သည်။ စကြာဒေဝီသည် အရွယ်တော်မှာ ၄၀ ပြည့်ချိန်ဖြစ်သော်လည်း နန်းတွင်းသူများ ခြယ်သလေ့ရှိသော ဆံထုံးတော် ထုံးဖွဲ့ပုံများအတိုင်း မဟုတ်ဘဲ ရိုးယဉ်သော ဆံထုံးတော် ဘီးဆံပတ်နှင့် ထုံးဖွဲ့ပြီး နားပန်မှာ မဟူရာကျောက်နားကပ်ဖြင့် ရိုးရှင်းစွာပန်ဆင်ကြောင်း၊ ပဝါမှာ အဝါရောင်ရှိသော ပုသိမ်ပဝါကို ဆင်မြန်းလျက် ရှုမညီးနိုင်အောင် ယဉ်ကျေးလှပပြီး မျက်ဝန်းမှာလည်း ဇမ္ဗူရစ်ရွှေတစ်သိန်းမကတန်ကြောင်း၊ လေးဆယ်ကျော်အရွယ် ဇရာချဉ်းသော်လည်း နန်းတွင်းသူများထက်သာအောင် နုငယ်လှပကြောင်း တင်စားထားလေသည်။

**ဆင်ဖြူမရှင်မိဖုရားဘွဲ့ တေးထပ်**

ရာပြည့်ပြည့်ရှုပန်သ
တိုင်းပူရ ဥသျှောင်၊
ညာနန်းမ အခေါင် သက်အရောင်မပြား။
စန်းငွေလ တိမ်စင်လို
နှိုင်းမမြင် ထီးဖြူအောက်ဖွား။
တော်လေးဝ နတ်မူနီလို မှတ်တူညီ မခြား။။
သို့ပါသော် စိတ်ထားမှာ
မျက်အားတော် လွန်ကြွယ်
တစ်နာရီအချိန်လောက်
အကောက်က များလှပါတယ်။
မဖြစ်သင့်မှုငယ်ကို
ငြိုကာကျယ်ဉာဏ်ချဲ့လို့
ပူရှာဖွဲ့ မကြည်လင် ငြိုးမာန်ဖွဲ့ဆင်၊
ရွှေစိတ်တော် သူကြည်လင်အောင်
သိကြားပင် လာစမ်းတော့လေး။

အလယ်နန်းတော်မိဖုရား ဆင်ဖြူမရှင်နှင့် ပတ်သက်၍ ရေးဖွဲ့ရာတွင် မိဖုရားကြီးမျိုးရိုးကို အခေါင်အထွတ်ထားကာ ကြီးမြတ်စွာ မွေးဖွားလာသောပုံရိပ်နှင့် ဖွင့်ဆိုသည်။ မင်းတုန်းမင်း မိဖုရားများတွင် အလယ်နန်းမိဖုရားကြီးတစ်ပါးသာ တောင်နန်းတော်ဆောင်တွင် ထီးဖြူအုပ်မိုး၍ သစ်နက်ရေခံကာ ဖွားသန့်စင်ခဲ့သူဟု ဆိုပါသည်။ မင်းတုန်းဘုရင်က သူ့ယောက္ခမတော် ဖန်နန်းရှင်မင်းတြားနှင့် နန်းမတော်မယ်နုတို့ကို တေးထပ်အဖွင့်၌ စတင်ပြီး "ရာပြည့်ပြည့်ရှိ ပန်သ"ဟူ၍ ဘကြီးတော် ဖန်နန်းရှင်မင်းတြား ဂုဏ်ပုဒ်နှင့် "ညာနန်းမအခေါင်မှာ၊ သက်အရောင်မပြား"ဟူ နန်းမတော်မယ်နု ဂုဏ်ပုဒ်ကို ထည့်သွင်းဖွဲ့ဆိုထားသည်။

မယ်သဲသည် မင်းတုန်းမင်း၏ ငယ်ချစ်ဟုဆိုလေသောကြောင့် တော်လေးဝဝင်သော အမရာ၊ ကိန္နရီ၊ မဒီ၊ သမ္ဘူလတို့နှင့် ခိုင်းနှိုင်းထားပြီး နာရီမခြား စိတ်ကောက်တတ်ပုံကိုလည်း "တစ်နာရီအချိန်လောက် အကောက်ကများလှတယ်" ဟု ပုံဖော်ထားပြန်သည်။ မကြာခဏ စိတ်ကောက်တတ်သဖြင့် မေတ္တာပို ချော့မော့ရပြီး ရွှေစိတ်တော်ပြေပျောက်အောင် သကြားမင်းကိုယ်တိုင် စမ်းသပ်ကြည့်ပါတော့ဟု ရေးဖွဲ့ခဲ့သည်။ မင်းတုန်းမင်းသည် အာဂလူသား ဖြစ်သည်။ ကဗျာဉာဏ်လည်း ရှိသည်။



**မြောက်နန်းမတော် မိဖုရားဘွဲ့ တေးထပ်**

ရွှေမေတ္တာ ပိုမိုလှချေ့ငဲ့
ဗန္ဓက ပုံလို
မြင်တိုင်းပ ရသာချိုတယ်
အမယ်အိုသည်လား ။
ပါးရည်ကျုံ့ဆံတော်ကေမှာ
ဖြူလေလေတိုး၍ သနား။
ခါးတော်ကခွေခွေ
ကြင်ဖျာရွှေ ထပ်ပွား
မှဲ့နက်နီပုံများနှင့် ချစ်အားက ထပ်မံ
သူငယ်ပြန် အရွယ်ရောက်
ဘယ်ကလောက် ထွေးထောက်မမှန်။
မိုးအိန်ဒါ သက်နှံ့ငယ်
လိုက်စေရန် စကြာမျိုးနှင့်
ရှိခိုးလို့ အမယ်အို
လဲချင်လို့ ငို။
ကြင်ဦးမို့ စေတနာပိုတယ်
မလဲလို မြဲပါငဲ့လေး။ ။

ဇရာတော်အရွယ်သို့ ချဉ်းနင်းဝင်ရောက်နေပြီဖြစ်သော မြောက်နန်းမိဖုရား ရုပ်သွင်ကို တွေ့မြင်ရသည်။ ထိုဇရာအို မိဖုရားအပေါ်ထားသော လင်တော်မောင် ဘုရင်၏မေတ္တာတရားကို ရေးဖွဲ့ထားပြီး မိဖုရားကြီးမျက်နှာတော်ကို မြင်ရုံဖြင့် အားအင်ပြည့်ဖြိုး၍ နတ်ဦဖြစ်သော ဗန္ဓကသရက်သီးကို မှီဝဲရသလို ခံစားရသည်ဟု အတိသယရဂုဏ်လင်္ကာမြောက် ဖွဲ့ဆိုထားလေသည်။

မည်သို့ဆိုစေ။ မင်းတုန်းမင်းသည် သာသနာပြုမင်းဟုဆိုသော်ငြား ကဗျာတေးထပ် ရေးဖွဲ့နိုင်သူဟု လက်ခံရပါမည်။ သူ၏မိဖုရားများအတွက် ပုံဖော်ခံစားရေးသားခဲ့သည်ဖြစ်ရာ မိဖုရားများအပေါ်ထားရှိသည့် မေတ္တာတော်ကို တွေ့မြင်ရပါသည်။

**ကိုးကား။ ကုန်းဘောင်ရာပုံတော်(ညိုမြ)**

**ခိုင်ဆက်ဝေ**



# သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**နောင်ချို ဇွန် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲခရိုင်၊ နောင်ချိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးနေလင်းအေးနှင့်ဝန်ထမ်းများသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" ဆောင်ပုဒ်နှင့်အညီ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ယမန်နေ့က ပြည်ထောင်စုလမ်းမကြီး၊ ကံကြီးလမ်းတို့တွင် သွားလာနေကြသော ခရီးသွားပြည်သူများ၊ နောင်ချိုမြို့မဈေးအတွင်း၊ အပြင်ရှိ ဈေးသည်၊ ဈေးဝယ်များကို ဖြန့်ဝေပေးခဲ့သည်။



အဆိုပါ လက်ကမ်းစာစောင်တွင် သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်များ၊ သန်းခေါင်စာရင်း ထည့်ကောက်ရမည့်သူများ၊ ထည့်မကောက်ရမည့်သူများ၊ ၂၀၂၃ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေ၊ စာရင်းကောက်ယူမည့် မေးခွန်းများ၊ စာရင်းကောက်များသည် မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်၊ တစ်အိမ်ဆင်း အိမ်တိုင်ရာရောက် Mobile Tablet များ အသုံးပြု၍ ကောက်ယူခြင်းနှင့်သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် အစီအစဉ်များ၊ ဆောင်ပုဒ်များကို ဝေဆာစွာ ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**(အပေါ်ဓါတ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# လူငယ်စကားဝိုင်း ကျင်းပ

**မြို့သစ် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး၊မကွေးခရိုင်၊ မြို့သစ်မြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး (Community center) ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးအရာရှိ၊ ဒေါ်ဝင်းအိဇွန်က လူငယ်စကားဝိုင်းကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းဟောပြော ဆွေးနွေးသည်။

ထို့နောက် မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက ဦးဆောင်၍ လူငယ်စကားဝိုင်းဆွေးနွေးဆောင်ရွက်ကြရာ အ·ထ·က(၁) Grade-11မှ "မထက်သီတာဝင်းက(လူငယ်နှင့်စာဖတ်ခြင်း)၊ မနှင်းဆုဝေမှ (လူငယ်နှင့်စီးပွားရေး)၊ မအေးနန္ဒာက(လူငယ်နှင့်ကျန်းမာရေး)၊ မောင်အောင်နိုင်စိုးက (လူငယ်နှင့်ဝါသနာ)၊ မောင်သီဟဇော်က (လူငယ်နှင့်လောဘ)၊ မောင်ဟန်ဇော်မှ (လူငယ်နှင့်ပညာရေး) စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိက ခေါင်းစဉ်တစ်ခုချင်းအလိုက် ဖြည့်စွက်ဆွေးနွေးခဲ့သည်။

အဆိုပါလူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ အ·ထ·က(၁)ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၇၈ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ရန္တာမောင်

# မိုးဦးသွန်းခ နယုန်အလှ

* တိမ်စိုင်းခြုံ လျှပ်ဝင်းလက်လို့
ခတ်လူးလျက် ညှင်းလေပြည် ။
မိုးဦးအခါ သွန်းမစဲ
ရွှန်းပုလဲသီ ။
စံပယ်ပန်းတို့ ပွင့်လုစီ
ချိန်ခါအညီ မွှေးပျံ့လွှမ်း ။
လနယုန် သူ့အဆင်းရယ်က
သင်းပျံ့ကြိုင်လန်း ။

* တူပြိုင်ကာ ပွင့်စိန်ပန်းတို့
ပင်ကြငှန်း လှဖြာဆင် ။
နွေအလွန် ရွှေ့လွန့်လူး
မိုးဦးကျအသွင် ။
ပန်းချီဆရာ စုတ်ချက်ပင်
ရေးဆွဲယှဉ် မညီအား ။
မေထုန်ရာသီ နယုန်လရယ်လို့
(တစ်ဆယ့်နှစ်လ ရာသီများမှာ)
လှပခေါင်ဖျား ။

**သူ့ထက်ဆန်း(မန္တလေး)**



# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မင်းဘူး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး၊မင်းဘူး(စကု)မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျောက်တန်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပခဲ့သည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် ကျောင်းအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်ရန်လိုကြောင်း၊ ယနေ့ခေတ်ကျောင်းသား လူငယ်များသည် မိမိသွားချင်သည့် လမ်းကြောင်းကို လျှောက်လှမ်းနေကြသူများ ဖြစ်ကြသလို ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ လူငယ်များ၏ အတွေးအခေါ် မှန်ကန်ပြီး စစ်မှန်သော မျိုးချစ်စိတ်များ ပေါ်ထွန်းလာစေရန် အထူးပင်အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဒေါ်နှင်းက အားကစား၏ အဓိပ္ပာယ်၊ အားကစားလေးမျိုးရှိကြောင်းနှင့် နွေရာသီကျောင်းအားလပ်ရက်များတွင် ဖွင့်လှစ်သင်ကြားသွားမည့် အားကစားနည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စားသုံးသူရေးရာ ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်ကြည်က စားသုံးသူအခွင့်အရေး(၈)ချက်၊ စားသုံးသူကာကွယ်ရေးဥပဒေ(သို့မဟုတ်) လုပ်ငန်းရှင်များက ဖြေရှင်းဆောင်ရွက်ပေးမှုများ၊ စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှု တစ်စုံတစ်ရာ ကြုံတွေ့ပါက တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များကို ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော သုတ/ရသ စာအုပ်၊ စာစောင်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၅၀၄)**



## သတင်းပဒေသာ

### အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းမှတ်အကြိုအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမတွင် ဇွန် ၁၉ ရက် နံနက် ၉ နာရီက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ဇွန် ၁၉ ရက် နံနက်ပိုင်းက နောင်ဘိုကျေးရွာရှိ ရောင်ခြည်သစ်စာကြည့်တိုက်သို့ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကာ စာကြည့်တိုက် Activities များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မူးယစ်ဆေးဝါးဥပဒေနှင့် ဆိုးကျိုးများအကြောင်း ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ အခြေခံပညာ အထက်တန်းကျောင်းတွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူထွန်းက အဖွင့်အမှာစကားပြောကြားသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းမီးက ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းခဲ့သည်။ ဆက်လက်၍ ရဲအုပ်ဇော်ဝင်းက မူးယစ်ဆေးဝါးဥပဒေအကြောင်းနှင့် ဒေါက်တာဝေယံစိုးက မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကျိုင်းတုံမြို့၌ တရားဥပဒေစိုးမိုးရေး အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သည့်အဖွဲ့က ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဓမ္မဝတ္တဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အသိပညာပေးဟောပြောခြင်းကို ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိ

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ကံမမြို့နယ်တွင် တောင်သူများ မိုးရာသီစိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၂ အုပ်စုမှ ဘဏ်အဖွဲ့ဝင်တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက စီကျေးရွာအုပ်စုမှ တောင်သူ ၇၂ ဦးတို့၏ မိုးစပါးစိုက်ဧက ၁၄၅ ဧကအတွက် မိုးရာသီစိုက်ပျိုး စရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော 'လူငယ်စကားဝိုင်း' ဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက ဈေးတန်းရပ်ကွက်အတွင်းရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မန္တလေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနဓမ္မာရုံပန္နက်တော်တင် မင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန၏ ပညာရေးမိသားစုဓမ္မာရုံ ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၉ နာရီ ၉မိနစ်က မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၆၀၊ ၃၁လမ်းရှိ အဆိုပါမြေနေရာတွင် ကျင်းပခဲ့သည်။

အစီအစဉ်အရ ပုလဲဖောင်ဒေးရှင်းဆရာတော်၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် ညွှန်ကြားရေးမှူးများ၊ခရိုင်ပညာရေးမှူးများ၊ ကိုယ်ပိုင်ကျောင်းများအသင်းမှ ဒေါ်မြသွေးရည်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများ၊ဝန်ထမ်းများ တက်ရောက်ကြပြီး မင်္ဂလာအချိန်တွင် သတ်မှတ်နေရာ အသီးသီးတွင် တာဝန်ရှိသူများက မင်္ဂလာပန္နက်တင်ခြင်း၊ ရွှေရည်ငွေရည် လောင်းခြင်း၊ တွင်းတော်တူးခြင်း စသည်တို့ကို ပြုလုပ်ကြသည်။



ထို့နောက် တိုင်းဒေသကြီး ပညာရေးမှူးက ရတနာရွှေမိုး၊ ငွေမိုးရွာသွန်းပေးသည်။အဆိုပါ အခြေခံပညာဦးစီးဌာန၏ ပညာရေးမိသားစုဓမ္မာရုံသည် အလျား ပေ ၈၀× အနံ ၄၈ ပေ၊ သံဖရိန် နံကပ်၊တစ်ထပ်ဖြစ်ပြီး ပညာရေးဝန်ထမ်းများ၊စေတနာရှင်အလှူရှင်များ၏ လှူဒါန်းထည့်ဝင်ငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ (ဝဲပုံ) (၀၉၃)

## ပွဲစားကုန်သည်စက်ပိုင်များအသင်း(မန္တလေးကုန်စည်ဒိုင်)မှ ဘိုးဘွားရိပ်သာနှင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ကျောင်းများသို့ လှူဒါန်း

**မန္တလေး ဇွန် ၂၁**

ပွဲစားကုန်သည်စက်ပိုင်များ အသင်း(မန္တလေးကုန်စည်ဒိုင်)က ဘိုးဘွားရိပ်သာများနှင့် မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ သင်တန်းကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းများသို့ (၃၄) ကြိမ်မြောက်လှူဒါန်းပွဲကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၆လမ်း၊ ၃၂လမ်းနှင့် ၃၃လမ်းကြားရှိ ပွဲစားကုန်သည်စက်ပိုင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ သင်တန်းကျောင်းများမှ ကျောင်းအုပ်များ၊ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဝင်များ၊ပွဲစားကုန်သည်စက်ပိုင်များအသင်း (မန္တလေးကုန်စည်ဒိုင်) ဥက္ကဋ္ဌ ဦးသက်တင်၊အတွင်းရေးမှူး ဦးစက်မောင်ဆွေနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပွဲစားကုန်သည်စက်ပိုင်များအသင်း (မန္တလေးကုန်စည်ဒိုင်)ဥက္ကဋ္ဌက ဌာန ၁၃ ခုသို့ (၃၄)ကြိမ်မြောက် လှူဒါန်းရခြင်းအကြောင်း ပြောကြားပြီး အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက မင်းကွန်းဗုဒ္ဓဘာသာ ဘိုးဘွားရိပ်သာ၊ မန်းတောင်ခြေ ဘိုးဘွားရိပ်သာ၊ဖောင်တော်ဦး ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်း၊ သင်္ဂဇာတိုက်ပရဟိတ ဘုန်းတော်ကြီးသင်ကျောင်း၊ငါးစိုတိုက်မိဘမဲ့ကလေးများ စောင့်ရှောက်ရေးအသင်း၊ ကလေးပြုစုရေးဌာန၊ အမျိုးသမီးလေးများ သင်တန်းကျောင်း၊အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၊ ဧရိပ်မွှန် အမျိုးသမီးလေးများ စောင့်ရှောက်ရေးကျောင်း၊ နားမကြားသော ကလေးများကျောင်း၊ လူငယ်သင်တန်းကျောင်း၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ မသန်စွမ်းသက်ငယ်သင်တန်း ကျောင်းများသို့ ထောက်ပံ့ငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ယာပုံ) (၀၄၅)







## အလုပ်ခွင်ထိခိုက်မှုကြောင့် သေဆုံးသူအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေး

**သာစည် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထား(သာစည်စက်ခေါင်းရုံ)မှ အာမခံအလုပ်သမား အလုပ်ခွင်ထိခိုက်သေဆုံးသွားသည့်အတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနားကို ဇွန် ၂၀ ရက် နံနက် ၁၀နာရီက အမှတ်(၂)ရပ်ကွက် သာစည်စက်ခေါင်းရုံရှိ ဓမ္မရက္ခိတဓမ္မာရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်ထွန်းက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာ မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊ကိုယ်ဝန်ဆောင်မှုမီးဖွားမှုအတွက် ဆေးကုသမှု ငွေကြေးအကျိုးခံစားခွင့်နှင့် မီးဖွားစရိတ်၊အာမခံအလုပ်သမားသေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှု၊ အမြဲတမ်း မသန်စွမ်းမှုနှင့်ကျန်ရစ်သူ ငွေလုံးငွေရင်း အကျိုးခံစားခွင့် စသည် အာမခံအလုပ်သမားများ ခံစားရမည့်အကျိုးခံစားခွင့်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး တိုင်းဒေသကြီး တာဝန်ခံအရာရှိက မြန်မာ့မီးရထား(သာစည်စက်ခေါင်းရုံ)မှ အာမခံအလုပ်သမား ဦးအောင်နိုင်စိုး၏ အလုပ်ခွင် ထိခိုက်မှုကြောင့်သေဆုံးမှုအတွက် ကျန်ရစ်သူငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၁၀၈ သိန်းကို သေဆုံးသူ၏ဇနီး ဒေါ်ဝေသဇင်မြင့်ထံ ပေးအပ်ခဲ့သည်။ ထို့နောက် အကျိုးခံစားခွင့်ရရှိသူ၏ကိုယ်စား မြန်မာ့မီးရထား တိုင်းအမှတ်(၄)ရွှေညောင်မှ အင်ဂျင်နီယာမှူးဦးသန်းဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ (ဝဲပုံ)(၄၈၇)

# အပြည်ပြည်ဆိုင်ရာယောဂနေ့ (International Day of Yoga)

ယောဂသည် စိတ်နှင့် ကိုယ်ခန္ဓာကို သဟဇာတဖြစ်အောင် လုပ်ဆောင်ပေးနိုင်မှုကို အာရုံစူးစိုက်သည့် အလွန်နူးညံ့သိမ်မွေ့သော နာမ်ပိုင်းဆိုင်ရာ ပညာရပ်တစ်ခုဖြစ်ပါသည်။ ကျန်းမာစွာ နေထိုင်နိုင်ရေးအတွက် အနုပညာမြောက်သည့် သိပ္ပံနည်းကျ အတတ်ပညာတစ်ခုလည်းဖြစ်သည်။ ယောဂကျမ်းများတွင် ယောဂကျင့်စဉ်သည် လူတစ်ယောက်၏ စိတ်အာရုံကို စကြဝဠာ၏ စိတ်အာရုံနှင့် ပေါင်းစုံမိသွားအောင် ဦးဆောင်လမ်းပြပေးနိုင်သည်ဟု ဖော်ပြထားသည်။

ယောဂသည် မိမိကိုယ်ကိုသိရှိနိုင်ရန်အတွက် ကိုယ်ခန္ဓာနှင့် စိတ်ကိုတစ်သားတည်း ပေါင်းစပ်စေမည့် နည်းလမ်းများ ပါဝင်သည့် သိပ္ပံနည်းကျအတတ်ပညာဟုလည်း ဖွဲ့ဆိုကြသည်။ ယောဂကျင့်စဉ်၏ရည်ရွယ်ချက်မှာ မည်သူမဆို ဆင်းရဲချမ်းသာမရွေး ဝေဒနာခံစားမှုအားလုံးကို ကျော်လွှားနိုင်ပြီး ကိုယ်ရောစိတ်ပါ ကျန်းမာပျော်ရွှင်လျက် သဟဇာတဖြစ်စွာဖြင့် လွတ်မြောက်မှုအရသာကို ရရှိခံစားနိုင်ရန် ဖြစ်သည်။

ယောဂပညာရပ်သည် လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာ ကမ္ဘာပေါ်တွင် ဘာသာတရားနှင့် ယုံကြည်ကိုးကွယ်မှုများ မပေါ်ပေါက်မီကပင် စတင်သန္ဓေတည်ခဲ့သည်။ ခေတ်အဆက်ဆက် ထင်ရှားသော ယောဂပညာရှင်ကြီးများ၏ သင်ကြားပို့ချမှုများကြောင့် ယောဂသည် ကမ္ဘာတစ်ဝန်းလုံးသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ယနေ့ခေတ်တွင် ယောဂကျင့်စဉ်များသည် ရောဂါကာကွယ်ရေး၊ ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကျန်းမာရေး အဆင့်မြှင့်တင်ရေးတို့အတွက် အကျိုးပြုနိုင်ကြောင်း အားလုံးက လက်ခံယုံကြည်နိုင်ကြပြီဖြစ်သည်။ ကမ္ဘာပေါ်ရှိ သန်းပေါင်းများစွာသော ပြည်သူများသည် ယောဂ၏အကျိုးကျေးဇူးများကို ခံစားရရှိနေကြပြီဖြစ်ပြီး ယောဂကျင့်စဉ်များသည်လည်း တစ်နေ့ထက်တစ်နေ့ ပိုမိုလူကြိုက်များလာပြီး ထင်ရှားအောင်မြင်နေပြီ ဖြစ်သည်။

ယောဂသည် လူတစ်ဦး၏ ရုပ်၊နာမ်၊စိတ်ခံစားမှုနှင့် စွမ်းအင်စသော ကဏ္ဍတိုင်းတွင် အလုပ်လုပ်သည်။ ကဏ္ဍလေးခုကို မူတည်၍ ယောဂလေးမျိုးခွဲနိုင်သည်။ ရုပ်ခန္ဓာကိုအသုံးပြုသော ယောဂကို ကာမယောဂ၊ နာမ်၊ စိတ်ကိုအသုံးပြုသော ယောဂကို ဈာနယောဂ၊ စိတ်ခံစားမှုကို အသုံးပြုသောယောဂကို ပကတိယောဂ၊ စွမ်းအင်ကိုအသုံးပြုသောယောဂကို ကရိယယောဂဟု ခွဲခြားသည်။ လူဟူသမျှသည် ရုပ်၊ နာမ်၊စိတ်ခံစားမှုနှင့် စွမ်းအင်လေးမျိုးတို့ အတုမရှိသော အချိုးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ယောဂဆရာသည်သာ မည်သူသည် မည်သည့်အချိုးဖြင့် ဖွဲ့စည်းထား၍ မည်သည့်ကျင့်စဉ်ကို ကျင့်သုံးသင့်သည်ကို သိနိုင်စွမ်းရှိသည်။

ယောဂသည် ကိုယ်နှင့်စိတ်တည်ငြိမ်ခိုင်မာမှုရှိစေသော ကျင့်စဉ်များ ဖြစ်သည်။ ကိုယ်နှင့် စိတ်ကို အချိန်အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းထားနိုင်ရန် လေ့ကျင့်ပေးသည်။ အသက်ရှူခြင်းကို သတိဖြင့် မှတ်နေခြင်းဖြစ်သည်။ ကနဦးတွင် နှာခေါင်း၊ ပါးစပ်တို့မှ ဝင်လာသော ဝင်လေထွက်လေကို သိရှိစေရန် စတင်လေ့ကျင့်ရသည်။ အသက်ရှူခြင်းကို ထိန်းချုပ်ကွပ်ကဲထားစဉ် ခန္ဓာကိုယ် အနေအထားပုံစံတစ်ခုကို လိုသလိုထိန်းချုပ်ထားနိုင်ရန် လေ့ကျင့်ရသည်။ ဤကျင့်စဉ်သည် စိတ်ကိုထိန်းချုပ်စေနိုင်ပြီး အဆင့်မြင့် ယောဂကျင့်စဉ်များ လေ့ကျင့်နိုင်ရန် လမ်းခင်းပေးသည်။



**ယာဂကျင့်စဉ်များမစတင်မီ**

* သန့်ရှင်းစင်ကြယ်မှုသည် ယောဂကျင့်စဉ်အတွက် အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်သည်။ ကိုယ်၊ စိတ်နှင့် ပတ်ဝန်းကျင် သန့်ရှင်းစင်ကြယ်မှုများ အားလုံးပါဝင်သည်။

* ယောဂကျင့်စင်ကို အနှောက်အယှက်ကင်း၍ တိတ်ဆိတ်သောနေရာတွင် ဖြေလျှော့ထားသော ကိုယ်နှင့်စိတ်တို့ဖြင့် လေ့ကျင့်ရမည်။

* ယောဂကျင့်စဉ်ကို အစာမစားမီ သို့မဟုတ် အစာအနည်းငယ်သာစားထားပြီး လေ့ကျင့်ရမည်။

* ယောဂကျင့်စဉ်မစတင်မီ ဆီးနှင့်ဝမ်းများ သွားထားသင့်သည်။

* ယောဂကျင့်စဉ်ကို လေ့ကျင့်ရန်အတွက် မွေ့ယာပါးပါး သို့မဟုတ် ယောဂဖျာ သို့မဟုတ် ခြုံစောင်ကို ခေါက်ပြီးအသုံးပြုသင့်သည်။

* ခန္ဓာကိုယ်လွယ်ကူစွာလှုပ်ရှားနိုင်ရန်အတွက် ပေါ့ပါး၍ သက်တောင့်သက်သာရှိမည့် ချည်ထည်များကို ဝတ်ဆင်သင့်သည်။

* အလွန်အမင်း ပင်ပန်းနွမ်းနယ်နေသည့်အခါ၊ နေမကောင်းသည့်အခါနှင့် စိတ်ဖိစီးမှုရှိနေသည့်အချိန်တွင် ယောဂကျင့်စဉ် မလေ့ကျင့်သင့်ပါ။

* နာတာရှည်ရောဂါခံစားနေရသူများ၊ နာကျင်မှုခံစားနေရသူများနှင့် နှလုံးရောဂါရှိသူများသည် ယောဂကျင့်စဉ် မစတင်မီ ဆရာဝန်နှင့် စနစ်တကျပြသတိုင်ပင်သင့်သည်။



**ယောဂကျင့်စဉ်ကိုလေ့ကျင့်နေစဉ်အတွင်း**

* စိတ်တည်ငြိမ်အေးချမ်းမှုရရှိစေရန် ဖြေလျှော့နိုင်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယောဂကျင့်စဉ်လေ့ကျင့်ချိန်တစ်ခုကို တိုင်တည်ခြင်းဖြင့် စတင်သင့်သည်။

* ယောဂကျင့်စဉ်ကို ဖြည်းညင်းစွာ လုပ်ဆောင်ရမည်။ ခန္ဓာကိုယ်နှင့် အသက်ရှူနေမှုကို သိနေရင်း ဖြေလျှော့သော ကိုယ်စိတ်တို့ဖြင့်သာ လုပ်ဆောင်ရမည်။

* အသက်ရှူခြင်းကို နှာခေါင်းဝမှတစ်ဆင့်သာ အမြဲလုပ်ဆောင်ရမည်။ မည်သည့်အချိန်တွင်မျှ အတင်းတောင့်၍ ချုပ်ထားခြင်း၊ ဆတ်ကနဲဆောင့်၍ လှုပ်ရှားခြင်းများ မလုပ်ရပါ။

* ယောဂကျင့်စဉ်ကို မိမိလုပ်ဆောင်နိုင်စွမ်း ဘောင်အတွင်းမှသာ လေ့ကျင့်ရမည်။ ရလဒ်ကောင်းများရရှိလာရန် အချိန်အတိုင်းအတာတစ်ခုလိုအပ်သည်။ မှန်မှန်လေ့ကျင့်ရန်နှင့် ဇွဲရှိရန်မဖြစ်မနေလိုအပ်သည်။

* ယောဂကျင့်စဉ်လေ့ကျင့်ချိန်တစ်ခုကို ကမ္ဘဋ္ဌာန်းထိုင်ခြင်း သို့မဟုတ် ငြိမ်သက်ခြင်းဖြင့် အဆုံးသတ်သင့်သည်။

**ယောဂကျင့်စဉ်လေ့ကျင့်ပြီးသောအခါ**

* ယောဂကျင့်စဉ် လေ့ကျင့်ပြီးနောက် မိနစ် ၂၀မှ ၃၀အထိ စောင့်ပြီး ရေချိုးရပါမည်။

* ယောဂကျင့်စဉ် လေ့ကျင့်ပြီးနောက် မိနစ် ၂၀မှ ၃၀အထိ စောင့်ပြီးမှသာ အစာစားရမည်။



**အစားအစာစားသောက်မှု**

ယောဂကျင့်စဉ်အတွက် ကိုယ်နှင့်စိတ်လျှော့ချနိုင်ရေးကို အာမခံချက်ပေးနိုင်သော အာဟာရလမ်းညွှန်ချက် အနည်းငယ်ရှိ သည်။ သက်သတ်လွတ်ဟင်းလျာများကို ပုံမှန်စားသုံးသင့်ကြောင်း ထောက်ခံချက်ပေးထားသည်။ အသက် ၃၀ကျော်သူတိုင်း ထမင်းတစ်နေ့ နှစ်ကြိမ်သာ စားသင့်သည်။

**ယောဂကျင့်စဉ်ကောင်းကျိုးများ**

ယောဂကျင့်စဉ်များသည် ခန္ဓာကိုယ်နှင့် စိတ်ကျန်းမာရေး ကို များစွာအကျိုးပြုနိုင်ကြောင်း ဖော်ထုတ်ပြသနိုင်ခဲ့သည်။ ယောဂကျင့်စဉ် လေ့ကျင့်နေသူများက ထောက်ခံလျက်ရှိသည်။ ယောဂကျင့်စဉ်သည် ခန္ဓာကိုယ်ကြံ့ခိုင်မှု၊ ကြွက်သားများသန်မာမှု၊ အရိုးအဆစ်များ ကောင်းစွာအလုပ်လုပ်နိုင်မှု၊ နှလုံးနှင့် သွေးကြောများ ကျန်းမာရေးကို အကျိုးပြုသည်။

ယောဂကျင့်စဉ်များသည် ဆီးချို၊ သွေးတိုး၊ သွေးကျရောဂါများ၊ အဆုပ်နှင့် အသက်ရှူလမ်းကြောင်းရောဂါများ၊ လူနေမှုပုံစံနှင့် ဆက်နွှယ်သောရောဂါများကို ကုသရာတွင် ပူးတွဲကုထုံးအဖြစ် သုံးလျှင် အကျိုးရှိကြောင်းတွေ့ရသည်။ ယောဂကျင့်စဉ်သည် စိတ်ဓာတ်ကျခြင်း၊ အစိုးရိမ်လွန်ခြင်းနှင့် စိတ်ဖိစီးမှုများခြင်းစသော ရောဂါများကို သက်သာစေနိုင်ကြောင်း တွေ့ရှိရသည်။ ယောဂကျင့်စဉ်သည် အမျိုးသမီးများတွင် သွေးဆုံးကိုင်ခြင်းကြောင့် ဖြစ်ပေါ်သော ဝေဒနာများကို သက်သာစေနိုင်ကြောင်းတွေ့ရှိရသည်။ယောဂကျင့်စဉ်သည် ကြီးပွားတိုးတက်အောင်မြင်လျက် စိတ်ကျေနပ်ဖွယ်ဘဝတစ်ခုကို ရယူပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်နှင့်စိတ်ကို အကောင်းဆုံးပြင်ဆင်ပေးနိုင်သော လေ့ကျင့်ခန်းဖြစ်သည်။

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒြာမိုဒီက ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပသော (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားစဉ် တစ်ကမ္ဘာလုံးတွင် နိုင်ငံတကာ ယောဂနေ့တစ်နေ့ သတ်မှတ်ကျင်းပသင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံအနက် ထောက်ခံမဲ ၁၇၇ ခုဖြင့် နှစ်စဉ်ဇွန် ၂၁ ရက်ကို နိုင်ငံတကာယောဂနေ့အဖြစ် သတ်မှတ်ရန် ကုလသမဂ္ဂအထွေထွေညီလာခံကဆုံးဖြတ်အတည်ပြုခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ယောဂသည် ကိုယ်ရောစိတ်ပါကျန်းမာရေးနှင့် သုခအဝဝပြည့်စုံမှုကို ပေးအပ်နိုင်သဖြင့် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအတွက် ယောဂကျင့်စဉ်များ၏ အကျိုးကျေးဇူးများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဇွန် ၂၁ရက်နေ့တိုင်း ကမ္ဘာ့နိုင်ငံများတွင် ယောဂကျင့်စဉ်သရုပ်ပြပွဲများ၊စုပေါင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

မောင်ပြည်သူ(မန္တလေး)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဇွန် ၂၁

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A )၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမွှထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲအား ကြည့်ရှုအားပေးစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကီလိုတန်းအလိုက် အမျိုးသား၊ အမျိုးသမီး အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာမျိုးသိန်းကျော်တို့က အမျိုးသမီး ၄၉ - ၅၃ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၆၈ - ၇၄ ကီလိုတန်း အတိုက်ပြိုင်ပွဲနှင့် အမျိုးသမီး ၄၃-၄၆ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ စုပေါင်းတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို စုပေါင်းတံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရန်ကျော်၊ ဦးရွှေကြိမ်းနှင့် ခွန်စံလွင်တို့က အမျိုးသား ၄၆ - ၅၀ ကီလိုတန်း အတိုက်ပြိုင်ပွဲ၊ အမျိုးသား ၅၀ - ၅၄ ကီလိုတန်း အတိုက်ပြိုင်ပွဲနှင့် အမျိုးသား ၅၄ - ၅၈ ကီလိုတန်း အတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆု ရရှိကြသူများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါက်တာ ဘရှေနှင့် ဒေါက်တာမွှထန်တို့က အကောင်းဆုံး အမျိုးသမီး အမျိုးသားအားကစားသမားဆု ရရှိကြသူများကို လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အမျိုးသား တံခွန်စိုက်ဆုဖလား ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသမီး တံခွန်စိုက်ဆုဖလား ရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း တံခွန်စိုက် ဆုဖလားများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို စုပေါင်း တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အားကစားသမားများ ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ ပြည်ထောင်စုစိတ်ဓာတ် မြင့်မားလာစေရန်နှင့် အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်မည့် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ ဇွန် ၁၇ ရက်မှ ၂၁ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ကျင်းပပေးခဲ့ခြင်း ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၅ သင်းတို့မှ အားကစားသမားစုစုပေါင်း ၂၆၃ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ယူကရိန်းတို့ ဆလိုဗက်ကီးယားအား အနိုင်ယူပြီး အုပ်စုတက်ရေးမျှော်လင့်ချက်ရှိနေဆဲဖြစ်၊ ပိုလန်ကို အနိုင်ယူပြီး အပိုးတန်သုံးမှတ်ရယူခဲ့သည့် ဩစတြီးယား

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ အုပ်စု(င)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ ဒပ်ဆဲလ်ဒေါ့ဖ်မြို့၊ ဒပ်ဆဲလ်ဒေါ့ဖ်ဘောလုံးကွင်းတွင် ဆလိုဗက်ကီးယားအသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ယူကရိန်းအသင်းက ဆလိုဗက်ကီးယားအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စုတက်ရေးအတွက် မျှော်လင့်ချက်ရှိနေဆဲဖြစ်သည်။

ယခုပွဲစဉ်တွင် ဆလိုဗက်ကီးယားနှင့် ယူကရိန်းတို့ နှစ်သင်းစလုံး ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်လာခဲ့သည်။ ဆလိုဗက်ကီးယားအသင်းက အုပ်စုအဖွင့်ပွဲစဉ်တွင် နာမည်ကြီး ဘယ်လ်ဂျီယံအသင်းကို အနိုင်ရယူထားသည့်အသင်းပီပီ ယခုပွဲစဉ်တွင်လည်း တစ်သင်းလုံး စုဖွဲ့မှုအားကောင်းကောင်းဖြင့် ကစားလာခဲ့သည်။ ပွဲစသည်နှင့် ဆလိုဗက်ကီးယားအသင်းကသာ ယူကရိန်းအသင်းဘက်ကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၇မိနစ်တွင် ကျောနံပါတ် ၁၇ လူးကပ်စ်ဟာရာဆလင်စ်ဖန်တီးပေးပို့မှုကို ရှရန့်ဇ်က ခေါင်းတိုက်ပြီး လှလှပပသွင်းယူကာ ဆလိုဗက်ကီးယားအသင်းအတွက် ဦးဆောင်ဂိုးရယူသွားနိုင်ခဲ့သည်။ ဆက်တိုက်ဆိုသလို ဆလိုဗက်ကီးယားအသင်းကသာ ဖိအားပေးကစားခဲ့ပြီး ယူကရိန်းနောက်ခံကစားသမားများနှင့် ဂိုးသမား၏ အကောင်းဆုံး ကာကွယ်နိုင်မှုတို့ကြောင့် နောက်ထပ် သွင်းဂိုးများရရန် ခက်ခဲခဲ့သည်။ ပွဲချိန် ၃၄မိနစ်နောက်ပိုင်းတွင် ပွဲ၏ အလှည့်အပြောင်းဖြစ်ခဲ့ပြီး ယူကရိန်းက ဆလိုဗက်ကီးယားဘက်သို့ ပြန်လည် ထိုးဖောက်တိုက်စစ်ဆင်လာနိုင်ခဲ့သည်။ ပွဲချိန် ၄၂မိနစ်တွင် ယူကရိန်းတို့ ပြစ်ဒဏ်ဘောရရှိခဲ့ပြီး အဆိုပါ ပြစ်ဒဏ်ဘောကို ပင်နယ်တီဧရိယာအစပ်မှ ဇင်ချန့်ကိုက ဂိုးအတွင်းသို့ တိုက်ရိုက်ကန်သွင်းခဲ့သော်လည်း ဆလိုဗက်ကီးယား ဂိုးသမား မာတင် ဒူဘရာဂါ၏ လက်စွမ်းပြကာကွယ်နိုင်မှုကြောင့် ချေပဂိုး ရရှိမည့် အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

စာမျက်နှာ ၆ သို့ ➤

